## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

## နေပြည်တော်

နန်းကနောင်သတ္တုတူးဖော်ရေးနှင့် အင်ဂျင်နီယာလုပ်ငန်းကုမ္ပဏီလီမိတက်မှ

တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းခရိုင်၊ ဘုတ်ပြင်းမြို့နယ်၊

ပါဝယ်ကျွန်းဒေသရှိ မြေဧရိယာ (၄၉) ဧကစီကျယ်ဝန်းသော

လုပ်ကွက် (၅) ကွက်တွင် မင်းဂနီးစ်ဒိုင်အောက်ဆိုဒ်တူးဖော်

ထုတ်လုပ်ခြင်းလုပ်ငန်းအတွက်တင်ပြလာသော ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်

(Environmental Management Plan – EMP) ၏

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်**

**(Environmental Compliance Certificate-ECC)**

ရက်စွဲ။ ၂၀၂၃ ခုနှစ် ဇူလိုင်လ ၅ ရက်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်
## (Environmental Compliance Certificate - ECC)

သက်သေခံလက်မှတ်အမှတ်။ ECC ( ၂၄၃ )ရက်စွဲ။ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၅ ရက်

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ (ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၉/၂၀၁၂) နှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်း (အမိန့်ကြော်ငြာစာအမှတ် ၆၁၆/၂၀၁၅) တို့အရ နောက်ဆက်တွဲ (က) တွင် ဖော်ပြထားသော အဆိုပြုစီမံကိန်းအား နောက်ဆက်တွဲ (ခ) ပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်စေလျက် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (Environmental Compliance Certificate - ECC) ကို ထုတ်ပေးလိုက်သည်-

| | | |
|---|---|---|
| (က) | **စီမံကိန်းအဆိုပြုသူ** | - ဦးစိုးမိုးအေး<br>မန်နေဂျင်းဒါရိုက်တာ |
| (ခ) | **ဆက်သွယ်ရန် လိပ်စာ** | - တိုက်အမှတ် (A-2)၊ အခန်း (၇၀၇)၊ စတားစီးတီး၊ သံလျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| (ဂ) | **စီမံကိန်းအမျိုးအစား** | - မင်းဂနိုးစ်ဒိုင်အောက်ဆိုဒ်တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်း |
| (ဃ) | **စီမံကိန်းကာလ** | - အခွင့်အမိန့်ရ အဖွဲ့အစည်းက ခွင့်ပြုသည့်ကာလ |
| (င) | **စီမံကိန်း၏ အရွယ်အစား** | - စီမံကိန်းဧရိယာ ( ၂၄၅ ) ဧက |
| (စ) | **စီမံကိန်းတည်နေရာ** | - တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းခရိုင်၊ ဘုတ်ပြင်းမြို့နယ်၊ ပါဝယ်ကျွန်းဒေသ |
| (ဆ) | ECC သက်တမ်း | - (၅)နှစ်<br>စတင်ထုတ်ပေးရက် - ၆- ၇- ၂၀၂၂<br>သက်တမ်းကုန်ဆုံးရက် - ၅- ၇- ၂၀၂၇ |
| (ဇ) | **အတည်ပြုအစီရင်ခံစာ** | - အမှတ် (၁) သတ္တုတွင်းလုပ်ငန်း၏ ၂၀-၄-၂၀၂၂ ရက်စွဲပါစာအမှတ်၊ ၄၀၄၄/၃၅၀/ထလရ-၁ (၀၅) / ၂ (နန်းကနောင်)/၂၀၂၂ |

## ..ည်းကမ်းချက်များသတ်မှတ်ခြင်း

၂။ အောက်ဖော်ပြပါ ရည်ရွယ်ချက်များ ရရှိနိုင်ရေးအတွက် ဤသက်သေခံလက်မှတ်၏ နောက်ဆက်တွဲပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရန် သတ်မှတ်ထားခြင်းဖြစ်ပါသည်-

(က) ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုများကို ကြိုတင်ကာကွယ်ရေး၊ အနိမ့်ဆုံးဖြစ်စေရေးနှင့် ထိခိုက်မှုများကို ပြန်လည်ကုစားရေး ဆောင်ရွက်ပေးရန်၊

(ခ) စီမံကိန်းအဆိုပြုသူ၏ စီမံကိန်းဆိုင်ရာ ကတိကဝတ်များနှင့် လိုက်နာထမ်းဆောင်ရမည့် တာဝန်များကို သတ်မှတ်ရန်၊

(ဂ) လက်ခံနိုင်သော ပတ်ဝန်းကျင်အရည်အသွေး ဖြစ်စေရေးအတွက် စံချိန်စံညွှန်းများနှင့် အရည်အသွေးတိုင်းတာရေးနည်းလမ်းများ သတ်မှတ်ရန်၊

(ဃ) စောင့်ကြပ်ကြည့်ရှုခြင်းနှင့် အစီရင်ခံခြင်းတို့ကို ပုံမှန်ဆောင်ရွက်စေရန်၊

(င) စီမံကိန်းတွင် စဉ်ဆက်မပြတ် ဆောင်ရွက်သွားရမည့် ပတ်ဝန်းကျင်စီမံခန့်ခွဲရေး အစီအမံတစ်ရပ်ကို ရေးဆွဲဆောင်ရွက်ရန်။

(လှမောင်သိန်း)
အမြဲတမ်းအတွင်းဝန်
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

## နန်းကနောင်သတ္တုတူးဖော်ရေးနှင့် အင်ဂျင်နီယာလုပ်ငန်း ကုမ္ပဏီလီမိတက်မှ တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းခရိုင်၊ ဘုတ်ပြင်းမြို့နယ်၊ ပါဝယ်ကျွန်းဒေသရှိ မြေဧရိယာ (၄၉) ဧကစီကျယ်ဝန်းသောလုပ်ကွက် (၅) ကွက်တွင် မင်းဂနိစ်ဒိုင်အောက်ဆိုဒ် တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်း၏ စီမံကိန်းအကြောင်းအရာ

၁။ နန်းကနောင်သတ္တုတူးဖော်ရေးနှင့် အင်ဂျင်နီယာလုပ်ငန်းကုမ္ပဏီလီမိတက်က တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းခရိုင်၊ ဘုတ်ပြင်းမြို့နယ်၊ ပါဝယ်ကျွန်းဒေသရှိ မြေဧရိယာ (၄၉) ဧကစီကျယ်ဝန်းသောလုပ်ကွက် (၅) ကွက်တွင်ဆောင်ရွက်မည့် မင်းဂနိစ်ဒိုင်အောက်ဆိုဒ် တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းအတွက် အမှတ် (၁) သတ္တုတွင်းလုပ်ငန်း ၏ ၂၀-၄-၂၀၂၂ ရက်စွဲပါစာအမှတ်၊ ၄၀၄၄/၃၅၀/ထလရ-၁ (၀၅) / ၂ (နန်းကနောင်)/၂၀၂၂ ဖြင့်တင်ပြခဲ့သည့် အပြီးသတ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဥ် (EMP) ကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ် (Environmental Compliance Certificate – ECC) ထုတ်ပေးခြင်းဖြစ်သည်။

၂။ **စီမံကိန်းအဆိုပြုသူ။** ဦးစိုးမိုးအေး၊ မန်နေဂျင်းဒါရိုက်တာ၊ တိုက်အမှတ် (A-2)၊ အခန်း (၇၀၇)၊ စတားစီးတီး၊ သံလျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ နန်းကနောင်သတ္တုတူးဖော်ရေးနှင့် အင်ဂျင်နီယာလုပ်ငန်းကုမ္ပဏီလီမိတက် ဖြစ်ပါသည်။

၃။ **စီမံကိန်းဆောင်ရွက်ပုံအဆင့်ဆင့်။** အဆိုပြုစီမံကိန်းသည် (၄၉) ဧကစီကျယ်ဝန်းသောလုပ်ကွက် (၅) ကွက်ပါဝင်၍ စုစုပေါင်း (၂၄၅) ဧက ကျယ်ဝန်းပါသည်။ ထုတ်လုပ်မှုလုပ်ဆောင်ရာတွင် မြေကြီးထဲမှ မင်းဂနိစ်အောက်ဆိုဒ်များကို Open Cut Mining Method ဖြင့် တိုက်ရိုက်အခြောက်တူးဖော်ရယူ၍ သတ်မှတ်စုပုံကွင်းတွင် လိုအပ်သည့်အရွယ်အစားရရန် စက်ဖြင့်ကြိတ်ခွဲခြင်း၊ လူအားဖြင့် ရွေးကောက်ထုခွဲခြင်း၊ သန့်စင်ခြင်းတို့ပြုလုပ်ပြီး လိုအပ်သည့် ကုမ္ပဏီများကို ရောင်းချမည်ဖြစ်ပါသည်။

၄။ **အသုံးပြုကုန်ကြမ်းပစ္စည်းများ။** စီမံကိန်းအတွင်း တူးဖော်ရေးဆောင်ရွက်ရာတွင် Backhoee (၁) စီး၊ Dump Truck (၂) စီး၊ စက်လှေ (၁) စီး၊ ရေတင်စက် (၁) လုံးနှင့် မီးစက် (၁) လုံးတို့ကို အသုံးပြုပါမည်။ ရေသုံးစွဲမှုအနေဖြင့် သောက်ရေ သုံးရေကို လုပ်ကွက်အနောက်တောင်ဘက် (၁) မိုင်ကွာဝေးသော တောင်ကြောပေါ်ရှိစိမ့်စမ်းရေကို ပိုက်ဖြင့်သွယ်ယူသုံးစွဲ၍ လောင်စာသုံးစွဲမှုအနေဖြင့် တစ်နှစ်လျှင် (၃၂၅၀) ဂါလံအသုံးပြုပါသည်။

၅။ **စီမံကိန်းတည်နေရာ။** တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းခရိုင်၊ ဘုတ်ပြင်းမြို့နယ်၊ ပါဝယ်ကျွန်းဒေသ ခုမှန်းမြေပုံအညွှန်း- ၉၃အိုင်/၇ နှင့် ၁၁ယူဒီ(၄၃၃၃၄၈) တွင်တည်ရှိပါသည်။

# နန်းကနောင် သတ္တုတူးဖော်ရေးနှင့် အင်ဂျင်နီယာလုပ်ငန်းကုမ္ပဏီလီမိတက်၏ တနင်္သာရီ တိုင်းဒေသကြီး၊ ကော့သောင်းခရိုင်၊ ဘုတ်ပြင်းမြို့နယ်၊ ပါဝယ်ကျွန်းဒေသတွင် မင်းဂနီးစ်ဒိုင်အောက်ဆိုဒ်တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်း၏ တည်နေရာပြမြေပုံ



# နန်းကနောင် သတ္တုတူးဖော်ရေးနှင့် အင်ဂျင်နီယာလုပ်ငန်းကုမ္ပဏီလီမိတက်၏ တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းခရိုင်၊ ဘုတ်ပြင်းမြို့နယ်၊ ပါဝယ်ကျွန်းဒေသတွင် မင်းဂနီးစ်ဒိုင်အောက်ဆိုဒ် တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းတွင် ထားရှိမည့် အဆောက်အဦများအကွက်ချမြေပုံ








ရည်ညွှန်းချက်

| | | | | | | | |
|---|---|---|---|---|---|---|---|
| 1 | ဧည့်ရိပ်သာ | 4 | လုပ်သားဆောင် အမှတ် (၂) | 7 | လောင်စာဆီ သိုလှောင်ကန် | 10 | ကျောက်ခွဲစက် |
| 2 | ဓာတ်ခွဲခန်း | 5 | ကုမ္ပဏီရုံးခန်း | 8 | သန့်စင်ခန်းများ | 11 | ကုန်တင်/ ကုန်ချဆိပ်ကမ်း |
| 3 | လုပ်သားဆောင် အမှတ်(၁) | 6 | စက်ပြင်အလုပ်ရုံ | 9 | စားရိပ်သာ | | |

## တူးဖော်ထုတ်လုပ်ရေး လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်ပြပုံ



နောက်ဆက်တွဲ (ခ)

## ကတိကဝတ်များ၊ စည်းကမ်းသတ်မှတ်ချက်များနှင့် အထွေထွေစည်းကမ်းချက်များ

### ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရ လိုက်နာဆောင်ရွက်ရမည့်ကတိကဝတ်များ

၆။ စီမံကိန်းအဆိုပြုသူက အမှတ် (၁) သတ္တုတွင်းလုပ်ငန်းမှတစ်ဆင့် ၂၀-၄-၂၀၂၂ ရက်စွဲပါ စာအမှတ်၊ ၄၀၄၄/ ၃၅၀/ ထလရ-၁ (ဝ၅) / ၂ (နန်းကနောင်)/၂၀၂၂ ဖြင့်တင်ပြလာသည့် ပတ်ဝန်းကျင် စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် အောက်ပါကတိကဝတ်များကို လိုက်နာဆောင်ရွက် ရမည်-

(က) **မူဝါဒ၊ ဥပဒေနှင့် လုပ်ထုံးလုပ်နည်း။** စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်း သိမ်းရေးဥပဒေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး နည်းဥပဒေများ၊ ပတ်ဝန်းကျင် ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များနှင့် စီမံကိန်းနှင့်သက်ဆိုင်သည့် အခြားမူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများကို လိုက်နာဆောင်ရွက်ရမည်။

(ခ) **စီမံကိန်းဆောင်ရွက်မည့်လုပ်ငန်းစဉ်။** မင်းဂနီးစ်အောက်ဆိုဒ်တူးဖော်ခြင်းလုပ်ငန်း အဆင့်ဆင့်ဆောင်ရွက်မှုအနေဖြင့် စမ်းသပ်မြောင်းရှည်နှင့် စမ်းသပ်ကျင်းများတူး၍ မင်းဂနီးစ်သတ္တုကြောများရှာဖွေခြင်း၊ ကြွင်းစုသတ္တုတုံးဖုံများကို ရှာဖွေခြင်းတို့ကို ပြုလုပ်ပါသည်။ သတ္တုကြောနှင့် ကြွင်းစုသတ္တုတုံးများတွေ့ရှိပါက အပေါ်ယံမြေလွှာ အားဖယ်ရှား၍ Open Cut Mining Method ဖြင့် တိုက်ရိုက်တူးဖော်ပြီး သတ်မှတ်နေရာတွင် စုပုံကာ သီးခြားရွေးယူပါသည်။ ရွေးချယ်ပြီးသော သတ္တုရိုင်း များကို စက်ဖြင့် လိုအပ်သည့် အရွယ်အစားသို့ ကြိတ်ခွဲသန့်စင်၍ လုံခြုံသည့်နေရာ များတွင် စနစ်တကျထားရှိကာလိုအပ်သည့်စီမံကိန်းများသို့ တင်ပို့ရောင်းချပါသည်။

(ဂ) **လေထုအရည်အသွေးစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ဖုန်မှုန့်များ၊ အမှုန်အမွှားများနည်းပါးစေရန်အတွက် နံနက်၊ နေ့လည်နှင့် ညနေ ပုံမှန်သုံးကြိမ် ရေဖြန်းရန်၊

(၂) စက်ယန္တရားကြီးများအား သတ်မှတ်မိုင်နှုန်း တစ်နာရီ ကီလိုမီတာ (၄၀) ထက် နည်းအောင် မောင်းနှင်ရန်။

(ဃ) **ရေအရည်အသွေးစီမံခန့်ခွဲမှု။** ရေအရည်အသွေးစီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ စွန့်ပစ်အရည် များ (ချိုးရေ၊ သုံးရေ၊ ချက်ပြုတ်ရေ) အသုံးပြုပြီးပါက စွန့်ပစ်မြေကျင်း အလျား (၅၀) ပေ၊ အကျယ် (၂၀) ပေ၊ အနက် (၆) ပေ အတွင်းသို့ စီးဆင်းစေပြီး ၎င်းအရည် များကို အကြည်ခံကာ လုပ်ကွက်အတွင်း လမ်းများရေဖြန်းရာတွင် အသုံးပြုရမည်။

(င) **မြေအရည်အသွေးစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စက်မှုကုန်ကြမ်းတွင်းထွက်များ တူးဖော်ခြင်းနှင့် လမ်းများဖောက်လုပ်ရာတွင် မြေဆီလွှာများ ၊ ပျက်စီးဆုံးရှုံးမှုများ နည်းပါးအောင်ဆောင်ရွက်ရန်၊

(၂) တူးဖော်ထုတ်လုပ်ခြင်းကြောင့် ထွက်ရှိလာမည့် မြေစာများအား မြေနိမ့်ပိုင်းနှင့် တွင်းချိုင့်များတွင် မြေဖို့ခြင်းဖြင့် သစ်ပင်များ ပြန်လည်စိုက်ပျိုးရန်။

(စ) **ဆူညံသံစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စက်ယန္တရားများ ကြံ့ခိုင်မှုရှိစေရေးအတွက် အစဉ်ပြုပြင်မွမ်းမံစစ်ဆေးရန်၊

(၂) ဆူညံသံအတွက် အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များပါ စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ရန်။

(ဆ) **စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ဝန်ထမ်းအိမ်ယာများနှင့်စားဖိုဆောင်မှ ထွက်ရှိလာမည့်စွန့်ပစ်ပစ္စည်းများအား အမှိုက်ကန်များ၊ ကျင်းများပြုလုပ်၍ စနစ်တကျစွန့်ပစ်ရန်၊

(၂) လောင်စာဆီများ၊ စက်ဆီချောဆီများ မယိုဖိတ်စေရေးအတွက် ခိုင်ခန့်ကောင်းမွန်သော ကွန်ကရစ်လှောင်ကန်များ ၊ တိုင်ကီများတွင် သိုလှောင်ရန်။

(ဇ) **ဇီဝမျိုးစုံမျိုးကွဲစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) သစ်တောများမီးရှို့ခြင်းနှင့် အမဲလိုက်ခြင်းအား တားမြစ်ရန်၊ သားရဲတိရစ္ဆာန်များအားထောင်ချောက်ပြုလုပ်ဖမ်းဆီးခြင်းအား တားမြစ်ရန်၊

(၂) လုပ်ငန်းပိတ်သိမ်းချိန်တွင် တူးဖော်ထားသည့် ကျင်း၊ ချိုင့်များအား ပြန်လည်မြေဖို့၍ ခန့်မှန်းအပင် (၅၀၀) အား ပြန်လည်စိုက်ပျိုးရန်။

(ဈ) **ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် အလုပ်သမားများအား သင်တန်းပေးခြင်းတို့ကို ဆောင်ရွက်ရန်၊

(၂) လုပ်သားဝန်ထမ်းများအား ရှေးဦးသူနာပြုသင်တန်းများပေးရန်နှင့် ဆေးဝန်ထမ်းများဖြင့် ကုသပေးနိုင်ရေးစီစဉ်ရန်။

(ည) **အရေးပေါ်အခြေအနေတုံ့ပြန်ရေးအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လုပ်ကွက်တွင်အရေးပေါ်သုံး စက်လှေတစ်စီးထားရှိ ဆောင်ရွက်ရန်၊

(၂) သဘာဝဘေးအန္တရာယ်ကြောင့် မြေပြိုကျမှုများကိုကာကွယ်နိုင်ရန်အတွက် လုပ်ကွက်အတွင်း မတ်စောက်သောကမ်းပါးယံအားဖြိုချခြင်း၊ တာတမံ

များဖို့ခြင်း၊ ရေဆင်းမြောင်း၊ ရေနုတ်မြောင်းများ စနစ်တကျတူးဖော်ထားခြင်းတို့ကို ဆောင်ရွက်ရန်၊ မိုးကြီးခြင်းနှင့် သဘာဝဘေးအန္တရာယ်များ ကျရောက်လာပါက ကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်ရန်၊

(၃) မီးဘေးအန္တရာယ်ကာကွယ်ရန်အတွက် မီးသတ်ရေကန်နှင့် မီးသတ်ဆေးဘူးများ လုံလောက်စွာထားရှိရန်။

(ဎ) **စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေအရည်အသွေးစောင့်ကြပ်ကြည့်ရှုရန်အတွက် လုပ်ကွက်အတွင်းတို့တွင် CO, $NO_2$, NO, $PM_{2.5}$, $PM_{10}$ နှင့် $SO_2$ စသည့် Parameter တို့အား (၆) လတစ်ကြိမ် တိုင်းတာစစ်ဆေးရန်၊

(၂) ဆူညံသံစောင့်ကြပ်ကြည့်ရှုရန်အတွက် လုပ်ကွက်အတွင်း ဆူညံနှုန်းအား (၆)လ တစ်ကြိမ် တိုင်းတာစစ်ဆေးရန်၊

(၃) ရေအရည်အသွေးအား လုပ်ကွက်အတွင်းရှိစိမ့်စမ်းရေမှ ရေနမူနာများကောက်ယူပြီး Fe, pH, Suspended Solid, Lead, Arsenic, Copper နှင့် Mercury စသည့် Parameter များအား (၆) လ တစ်ကြိမ်တိုင်းတာ စစ်ဆေးရန်၊

(၄) မြေထုအရည်အသွေးအားလုပ်ကွက်အတွင်းမှ မြေနမူနာများ ကောက်ယူ၍ Copper, Pb, Zn, Cd, Fe နှင့် Mercury စသည့် Parameters များအား (၆)လ တစ်ကြိမ် တိုင်းတာစစ်ဆေးရန်။

(ဏ) **တာဝန်ယူဆောင်ရွက်မည့်အဖွဲ့အစည်းများ။** ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊ စောင့်ကြပ်ကြည့်ရှုခြင်းအစီအစဉ်နှင့် မိုင်းပိတ်သိမ်းခြင်းအစီအစဉ်အတွက်တာဝန်ယူဆောင်ရွက်မည့်အဖွဲ့အစည်းတို့အား အစီရင်ခံစာ၌ဖော်ပြထားသည့်အတိုင်းဖွဲ့စည်းဆောင်ရွက်ရမည်။

(တ) **အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်း။** အများပြည်သူနှင့်တိုင်ပင် ဆွေးနွေးခြင်းနှင့်စပ်လျဉ်း၍ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်စဉ် ကာလအတွင်း ဒေသခံပြည်သူများနှင့် (၃) လ (၁) ကြိမ် တွေ့ဆုံဆွေးနွေးမှုများ ဆောင်ရွက်ရမည်။

(ထ) **လျာထားအသုံးစရိတ်။** ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အတွက် အသုံးပြုမည့် လျာထားအသုံးစရိတ်အား အောက်ပါကတိကဝတ်အတိုင်း ဆောင်ရွက်ရန်နှင့် လုံလောက်မှုမရှိပါက ထပ်မံဖြည့်တင်းဆောင်ရွက်ရမည်-

(၁) ထိခိုက်နိုင်မှုများအပေါ် လျော့ပါးစေရေးဆောင်ရွက်မည့် အစီအစဉ်အတွက် လျာထား အသုံးစရိတ် ကျပ်သိန်း (၁၀၀) ခန့် လျာထားသုံးစွဲရန်၊

(၂) စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်အတွက် ခန့်မှန်းအသုံးစရိတ်ကျပ် (၉၀) သိန်း ခန့်လျာထားသုံးစွဲရန်၊

(၃) ဘေးအန္တရာယ်ကာကွယ်ရေးအစီအစဉ်ခန့်မှန်းအသုံးစရိတ် ကျပ် (၅၀) သိန်း ခန့်လျာထားသုံးစွဲရန်၊

(၄) စီမံကိန်းအဆိုပြုသူမှ CSR လုပ်ငန်းများအတွက် ခန့်မှန်းအသုံးစရိတ်ကျပ် ကျပ်သိန်း (၁၀၀) ခန့် လျာထားသုံးစွဲရန်၊

(၅) မိုင်းပိတ်သိမ်းခြင်းလုပ်ငန်းအတွက် ကျပ် (၂၀၀) သိန်း လျာထားသုံးစွဲရန်၊

(၆) အများပြည်သူနှင့်တိုင်ပင်ဆွေးနွေးခြင်းအစီအစဉ်အတွက် ခန့်မှန်းအသုံးစရိတ် ကျပ် (၄၀) သိန်းခန့် လျာထားသုံးစွဲရန်။

(ဏ) **လုပ်ငန်းပိတ်သိမ်းခြင်းစီမံခန့်ခွဲမှုအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) တူးဖော်ထုတ်လုပ်ထားသော ကျင်းများ၊ ချိုင့်များတွင် မြေသားများအား ပြန်လည်ဆောင်ရွက်ရန်၊

(၂) အဆောက်အဦများ၊ လျှပ်စစ်ဓာတ်အားလိုင်းများ၊ သိုလှောင်ရုံများအားပြန်လည်သိမ်းဆည်းခြင်း၊ ဖြုတ်သိမ်းခြင်းတို့အား ဆောင်ရွက်ရန်၊

(၃) ဖုံးအုပ်ပြီးသော မြေသားပေါ်တွင် ဒေသရာသီဥတုနှင့်ကိုက်ညီသော အပင်များစိုက်ပျိုးပေးရန်နှင့် ပျိုးပင်များ ပြုစုပျိုးထောင်ထားရှိရန်၊

(၄) လေ၊ ရေ နှင့် မြေအရည်အသွေးတို့အား စောင့်ကြပ်ကြည့်ရှုသွားရန်။

**ပတ်ဝန်းကျင်နှင့် လူမှုရေးစီမံခန့်ခွဲမှုဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့်စည်းကမ်းချက်များ**

၇။ စီမံကိန်းအဆိုပြုသူသည် အထက်အပိုဒ် (၆)တွင် ဖော်ပြထားသော ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း အစီရင်ခံစာအရ အကောင်အထည်ဖော် ဆောင်ရွက်ရမည့် ကတိကဝတ်များအပြင် အောက်ဖော်ပြပါ စည်းကမ်းချက်များ၊ သတ်မှတ်ချက်များကိုလည်း အပြည့်အဝ လိုက်နာဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ ဥပဒေ၊ မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်ပါ စည်းကမ်းချက်များ။** အမျိုးသားပတ်ဝန်းကျင်ရေးရာ မူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဝါဒ၊ မြန်မာနိုင်ငံ ရာသီဥတုပြောင်းလဲမှုဆိုင်ရာမဟာဗျူဟာ၊ မြန်မာနိုင်ငံ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပင်မလုပ်ငန်းစဉ်၊ မြန်မာနိုင်ငံအမျိုးသားအဆင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု မဟာဗျူဟာ နှင့် ပင်မလုပ်ငန်းအစီအစဉ်တို့နှင့် စပ်လျဉ်း၍ အောက်ဖော်ပြပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းဆောင်ရွက်ခြင်းကြောင့် ပတ်ဝန်းကျင်ကို ခြိမ်းခြောက်နေသည့် ပြုမူလုပ်ဆောင်ချက်များကို ရှောင်ရှားခြင်း၊ တားမြစ်ခြင်းနှင့် ထိန်းချုပ်ခြင်းဖြင့် ပတ်ဝန်းကျင်ပျက်စီးမှုများ မဖြစ်မီ ကာကွယ်တားဆီးရန် သို့မဟုတ် အနည်းဆုံးဖြစ်စေရန် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရန်၊

(၂) ရာသီဥတုပြောင်းလဲမှု လျှော့ချရေးနှင့် လိုက်လျောညီထွေဖြစ်စေရေးအတွက် ရေရှည်တည်တံ့သော သဘာဝသယံဇာတ စီမံအုပ်ချုပ်ခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် သဘာဝဂေဟစနစ်များကို ထိန်းသိမ်းကာကွယ်ခြင်းနှင့် ပြန်လည်ပြုစုပျိုးထောင်ခြင်းတို့ကို မြှင့်တင်ဆောင်ရွက်ရန်၊

(၃) လတ်တလောနှင့် ရေရှည်တွင် ဖြစ်ပေါ်လာနိုင်သည့် ရာသီဥတုပြောင်းလဲမှု၏ သက်ရောက်မှုများမှ ကြိုတင်ကာကွယ်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် လူမှုကာကွယ်စောင့်ရှောက်ရေးတို့ကို ခိုင်မာအားကောင်းစေမည့် လုပ်ငန်းစဉ်များ ဆောင်ရွက်ထားရှိရန်၊

(၄) ရာသီဥတုကြောင့် ဖြစ်ပေါ်လာနိုင်မည့် ဘေးအန္တရာယ်များအတွက် ကြိုတင်ပြင်ဆင်ရန်နှင့် ပြန်လည်ထူထောင်လာနိုင်စေရန် အရင်းအမြစ်များ စုစည်းခြင်းနှင့် ခွဲဝေသုံးစွဲခြင်းတို့ဖြင့် ဘဏ္ဍာရေး လုပ်ငန်းလည်ပတ်မှုကို မြှင့်တင်ပေးနိုင်ရေးအတွက်အရပ်ဘက်လူ့အဖွဲ့အစည်းများနှင့် ပေါင်းစပ်ဆောင်ရွက်ရန်၊

(၅) စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်ရန်-

(ကက) အဆိုပြုစီမံကိန်းဆောင်ရွက်ခြင်းမှ ထွက်ရှိလာမည့် စွန့်ပစ်မြေစာများကြောင့် ရေစီးရေလာပိတ်ဆို့မှု၊ နုန်းအနည်ကျမှုနှင့် ရေကြီးရေလျှံမှုမဖြစ်စေရန်၊ စွန့်ပစ်မြေစာများကို မြစ်၊ ချောင်း၊ မြောင်းများမှ အနည်းဆုံးပေ (၃၀၀) အကွာတွင် မြေစာပုံကွင်း ပြုလုပ်၍ စနစ်တကျစွန့်ပစ်ရန်နှင့် ရေစီးရေလာပိတ်ဆို့မှုမရှိစေရေး ရှင်းလင်းခြင်းများ ဆောင်ရွက်ရန်၊

(ခခ) စီမံကိန်းမှထွက်ရှိလာမည့် စွန့်ပစ်မြေစာများ၊ ဓာတုစွန့်ပစ်ပစ္စည်း၊ လုပ်ငန်းဆောင်ရွက်ရာတွင် အသုံးပြုသော အင်ဂျင်စက်နှင့် သယ်ပို့ယာဉ်များမှ ထွက်ရှိသည့် စက်သုံးဆီ၊ ချောဆီ၊ အင်ဂျင်ဝိုင်များ အားယိုဖိတ်မှုနည်းစေရန်နှင့် ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရန် စနစ်တကျအလေအလွင့်အနည်းဆုံးဖြစ်အောင် သုံးစွဲရန်နှင့် မြေပေါ်၌ စွန့်ပစ်ခြင်းမပြုရန်၊

(ဂဂ) စွန့်ပစ်အမှိုက်များအား လေဟာပြင်မီးရှို့ခြင်းများ မပြုလုပ်ဘဲ ပတ်ဝန်းကျင်မထိခိုက်စေသော နည်းလမ်းဖြင့် စနစ်တကျစွန့်ပစ်ရန် နှင့်အခြားစွန့်ပစ်ပစ္စည်းများအား အမှိုက်အမျိုးအစားများခွဲ၍ စနစ်တကျစွန့်ပစ်ရန်၊

(ဃဃ) မိုးရာသီမိုးရွာသွန်းစဉ် စွန့်ပစ်မြေစာပုံမှ မြေတိုက်စား၍ နုန်းအနည်အနှစ်များ အနီးပတ်ဝန်းကျင်သို့ ရေစီးကြောင်းနှင့်အတူ မျောပါခြင်း မရှိစေရန်အတွက် လုံလောက်သောနုန်းဖမ်းကန်များ အဆင့်ဆင့်ထားရှိဆောင်ရွက်ရန်၊

(ငင) စုပုံထားသော အပေါ်ယံမြေဆီလွှာများကို မိုးရေနှင့်အတူ မျောပါမှု မရှိစေရန် မြေထိန်းနံရံ (Retaining Wall) တည်ဆောက်ခြင်းနှင့် မိုးကာများဖုံးအုပ်ခြင်းတို့ကို ပြုလုပ်ပေးရန်၊

(စစ) စီမံကိန်းမှထွက်ရှိသော စွန့်ပစ်ပစ္စည်းနှင့် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများအားစီမံဆောင်ရွက်ထားရှိမှုကို စောင့်ကြပ်ကြည့်ရှုစစ်ဆေးနိုင်ရေးအတွက်စွန့်ပစ်ပစ္စည်းဆိုင်ရာ မှတ်တမ်းပုံစံထားရှိဆောင်ရွက်ရန်နှင့် ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများအတွက် ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်စေသော စီမံခန့်ခွဲမှုစနစ်ကို တိုးမြှင့်ဆောင်ရွက်ရန်။

(ခ) **စံချိန်စံညွှန်းစည်းကမ်းချက်များ။** စံချိန်စံညွှန်းစည်းကမ်းချက်များနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေအရည်အသွေး၊ ဆူညံသံ၊ အလုပ်စခန်းများ၊ မိလ္လာစနစ်များ၊ အိမ်တွင်းရေဆိုးများနှင့် စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်၊ အထွေထွေလမ်းညွှန်ချက်ပါ သတ်မှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၂) ဆူညံသံအတွက် စီမံကိန်း ဧရိယာပြင်ပရှိ အနီးဆုံးလက်ခံသည့် နေရာတွင် အခြေခံအဆင့်မှ အများဆုံးမြင့်တက်မှု ၃ dBA ထက် မကျော်လွန်စေရေး လိုက်နာဆောင်ရွက်ရန်နှင့် မည်သည့်ဖောက်ခွဲမှုတွင်မဆို (120) dB Linear ထက်မကျော်လွန်စေရန်၊ မြေတုန်ခါမှုအတွက် 5mm/s (Peak Particle Velocity- ppv) ထက်မကျော်လွန်စေရန်နှင့်ဖောက်ခွဲခြင်းကို နေ့အလင်းရောင်ရှိသည့် အချိန်တွင်သာပြုလုပ်ရန်၊

(၃) စွန့်ထုတ်အရည်အသွေးနှင့် စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက် အပိုဒ် ၂.၇.၂ ပါ Parameter များ တိုင်းတာ၍ သတ်မှတ်ချက်နှင့်အညီ သန့်စင်ပြီးမှ စွန့်ထုတ်ရန်၊

(၄) စီမံကိန်းနှင့် အခြားသက်ဆိုင်ရာ မူဝါဒ၊ ဥပဒေနှင့် သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ရန်။

(ဂ) **ဇီဝမျိုးစုံမျိုးကွဲစီမံခန့်ခွဲရေးဆိုင်ရာစည်းကမ်းချက်များ။** ဇီဝမျိုးစုံမျိုးကွဲများစီမံခန့်ခွဲရေးဆိုင်ရာ စည်းကမ်းချက်များနှင့်စပ်လျဉ်း၍ အလုပ်သမားများမှ တောရိုင်းတိရိစ္ဆာန်များအား ဖမ်းဆီးခြင်း၊ ဝယ်ယူခြင်း၊ တရားမဝင်သစ်ခုတ်ခြင်းများ မရှိစေရေး ကြပ်မတ်ဆောင်ရွက်ရမည်။

(ဃ) **ကျန်းမာရေးနှင့်လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စည်းကမ်းချက်များ။** ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးဆိုင်ရာ စည်းကမ်းချက်များနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းစေရေးအတွက် မြန်မာ့သတ္တုတွင်း ဥပဒေပုဒ်မ ၁၃၊ မြန်မာ့သတ္တုတွင်းနည်းဥပဒေများ၊ နည်းဥပဒေ ၁၄၇ (ဃ)၊ ၁၇၀ (ဂ)၊ ၁၇၄၊ ၁၇၆၊ ၁၇၇၊ ၁၇၈၊ ၁၈၀၊ ၁၈၁၊ ၁၈၄ (ခ) တို့နှင့် အညီလိုက်နာဆောင်ရွက်ရန်၊

(၂) စီမံကိန်းလုပ်ငန်းကြောင့် ထိခိုက်ခံစားရမည့် ဒေသခံများအတွက် ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ အခြေခံအဆောက်အဦ ဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်ခန့်ထားခြင်း၊ ရေရှည်လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေး တို့ကို ဆောင်ရွက်ပေးရန်နှင့်ဝန်ထမ်းများ၏ ကျန်းမာရေးနှင့်ဘေးအန္တရာယ် ကင်းရှင်းရေးတို့ကိုဆောင်ရွက်ရန်၊

(၃) ယမ်းဖောက်ခွဲသည့်အချိန်တွင် မိုင်းလုပ်သားများ အကြားအာရုံထိခိုက်မှု မရှိစေရေးအတွက် မိုင်းလုပ်သားများအား (Personal Protective Equipment-PPE) ထောက်ပံ့ပေးရန်။

(င) **သတ္တုတွင်းလုပ်ငန်းများအတွက်ရေရယူသုံးစွဲခြင်းဆိုင်ရာစည်းကမ်းချက်များ။**

သတ္တုတွင်းလုပ်ငန်းများအတွက် ရေရယူသုံးစွဲခြင်းနှင့်စပ်လျဉ်း၍ မြန်မာ့သတ္တုတွင်း ဥပဒေပုဒ်မ ၁၆၊ မြန်မာ့သတ္တုတွင်း နည်းဥပဒေများ၊ နည်းဥပဒေ ၁၅၂၊ ၁၅၃၊ ၁၅၄ ပါ သတ်မှတ်ချက်များကိုအလေးထားလိုက်နာဆောင်ရွက်ရမည်။

(စ) **ဒေသခံများနှင့် တိုင်ပင်ဆွေးနွေးခြင်းဆိုင်ရာ စည်းကမ်းချက်များ**။ စီမံကိန်းအဆိုပြုသူသည် ဒေသခံများနှင့် တိုင်ပင်ဆွေးနွေးရေးလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရမည်-

(၁) ဖောက်ခွဲခြင်းလုပ်ငန်းများအပါအဝင် တည်ဆောက်ရေး လုပ်ငန်းများနှင့် ဆောင်ရွက်မည့်လုပ်ငန်းများကို ဒေသခံပြည်သူများသို့ ကြိုတင်အသိပေးရန်၊

(၂) တည်ဆောက်ရေးကာလအတွင်း ယာဉ်သွားလာမှု လမ်းကြောင်းများ၊ ယာဉ်သွားလာမှုကြောင့်ဖြစ်နိုင်သော အနှောက်အယှက်များ၊ ပတ်ဝန်းကျင်သာယာမှုအပေါ် ထိခိုက်မှုများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဒေသခံများသို့ ကြိုတင်အသိပေးရန်၊

(၃) ဒေသခံပြည်သူများနှင့် တိုင်ပင်ဆွေးနွေးခြင်း၊ ပူးပေါင်းပါဝင်စေခြင်း၊ နစ်နာမှုဖြေရှင်းရေးလုပ်ငန်းစဉ်များကို လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်သွားရန်။

(ဆ) **လုပ်ငန်းပိတ်သိမ်းခြင်းဆိုင်ရာစည်းကမ်းချက်များ**။ လုပ်ငန်းပိတ်သိမ်းခြင်းနှင့်စပ်လျဉ်း၍အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) မိုင်းပိတ်သိမ်းခြင်းလုပ်ငန်းများကို ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာတွင် ဖော်ပြထားသည့် သတ္တုတွင်းပိတ်သိမ်းရာ၌ ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအတိုင်း လုပ်ငန်းစတင်ဆောင်ရွက်စဉ်ကပင် ကြိုတင်စီစဉ်ထားရှိလိုက်နာဆောင်ရွက်ရန်နှင့် စီမံကိန်းအဆိုပြုသူသည် မြန်မာ့သတ္တုတွင်းနည်းဥပဒေများ၊ နည်းဥပဒေ (၁၈၆) နည်းဥပဒေခွဲ (ဃ) ပါပြဋ္ဌာန်းချက်နှင့်အညီ ပိတ်သိမ်းရန်စီစဉ်ထားသည့် အချိန်မတိုင်မီ (၁) နှစ်ထက် နောက်မကျစေဘဲ အပြီးသတ် ပိတ်သိမ်းခြင်းအစီအစဉ်ကို တင်ပြရန်၊

(၂) စီမံကိန်းကြောင့် ပျက်စီးသွားသည့်နေရာများတွင် ဒေသနှင့်ကိုက်ညီသည့် သစ်ပင်များ ပြန်လည်စိုက်ပျိုးရန်နှင့် စိုက်ပျိုးမည့်နေရာ၊ ကေအကျယ်အဝန်းအားစောင့်ကြပ်ကြည့်ရှုမည့်အစီရင်ခံစာတွင် ထည့်သွင်းဖော်ပြရန်နှင့် ရှင်သန်ကြီးထွားသည်အထိ တာဝန်ယူကြီးကြပ်ဆောင်ရွက်ရန်၊

(၃) ခွင့်ပြုလုပ်ကွက်အတွင်း၌ ဆက်လက်တူးဖော်ခြင်းမပြုတော့ပါက တူးဖော်ထားသည့်နေရာများအား သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်း၏ လမ်းညွှန်ချက်နှင့်အညီမြေညှိခြင်း၊ မြေပြုပြင်ခြင်း၊ အပေါ်ယံမြေဆီလွှာများဖုံးအုပ်ခြင်း၊ တစ်ဧကလျှင် ဒေသနှင့်ကိုက်ညီသော နှစ်ရှည်ပင် (၂၀၀) ထက်မနည်း စိုက်ပျိုးခြင်းနှင့် အပင်များ ရှင်သန်ကြီးထွားသည်အထိ တာဝန်ယူဆောင်ရွက်ရန်။

(ဓ) **အစီရင်ခံတင်ပြခြင်းဆိုင်ရာစည်းကမ်းချက်များ။** ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ်များ၊ စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ အောက်ဖော်ပြပါကိစ္စရပ်များ ဖြစ်ပွားပါက ဝန်ကြီး ဌာနသို့ နှောင့်နှေးမှုမရှိစေဘဲ အစီရင်ခံတင်ပြရမည်-

(၁) ပစ္စည်းကိရိယာများ သို့မဟုတ် နည်းစနစ်များ မှားယွင်းအလုပ်လုပ်ခြင်း၊ ပျက်စီးခြင်း သို့မဟုတ် အလုပ်မလုပ်တော့ခြင်း၊

(၂) သိသာထင်ရှားသော ညစ်ညမ်းမှုဖြစ်ပေါ်စေခဲ့သော (သို့မဟုတ်) ဖြစ်ပေါ်နေစေသော သို့မဟုတ် ဖြစ်ပေါ်စေနိုင်သော မတော်တဆမှုတစ်ခု ဖြစ်ပွားခြင်း သို့မဟုတ် ထုတ်လွှတ်မှု ကန့်သတ်တန်ဖိုးဖြင့် ထိန်းချုပ်ထားခြင်း မရှိသည့် အရာဝတ္ထုတစ်ခု ထုတ်လွှတ်ခြင်း၊

(၃) သတ်မှတ်ဖော်ပြထားသည့် ကန့်သတ်တန်ဖိုး တစ်ခုခုကို ကျော်လွန်ခြင်း၊

(၄) ပတ်ဝန်းကျင်နှင့် သက်ရှိတို့၏ ကျန်းမာရေးတို့အပေါ် သိသာထင်ရှားသော ဆိုးကျိုးသက်ရောက်မှုများ ဖြစ်ပေါ်ခြင်း၊

(၅) စီမံကိန်းအဆိုပြုသူသည် ယင်း၏ တာဝန်များ ပျက်ကွက်မှု သို့မဟုတ် အခြားလုပ်ငန်းများဆောင်ရွက်ရန် ပျက်ကွက်မှုသို့မဟုတ် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်ပါအတိုင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်မှုများကို ဖြစ်နိုင်သမျှ ဆောလျင်စွာ ဝန်ကြီးဌာနသို့ စာဖြင့် အသိပေး တင်ပြရမည်။ ပျက်ကွက်မှု တစ်ရပ်ရပ်ကြောင့် အန္တရာယ်ဖြစ်စေနိုင်သော ပတ်ဝန်းကျင်အပေါ် သက်ရောက်မှု ဖြစ်လာနိုင်သည့် အကြောင်း ကိစ္စရပ် သို့မဟုတ် ဝန်ကြီးဌာနက အမြန်သိရှိရန် လိုအပ်သည့် အကြောင်းကိစ္စရပ်ကို (၂၄) နာရီအတွင်းလည်းကောင်း၊ အခြားအကြောင်းကိစ္စရပ်များ အားလုံးတွင် စီမံကိန်းအဆိုပြုသူက ယင်းဖြစ်စဉ်ဖြစ်ရပ်ကို စတင်သိရှိသည့် အချိန်မှ (၇) ရက်အတွင်းလည်းကောင်း ဝန်ကြီးဌာနသို့ အသိပေးတင်ပြရမည်။

(၆) စီမံကိန်း၏ အရွယ်အစား၊ နယ်ပယ်အတိုင်းအတာ၊ တည်နေရာ၊ အခင်းအကျင်း၊ နည်းပညာ၊ ကြိုတင်မျှော်မှန်းနိုင်သော ဆိုးကျိုးသက်ရောက်မှုကြောင့် ဖြစ်လာသည့် အန္တရာယ်၊ ထုတ်လုပ်မှုနည်းလမ်း သို့မဟုတ် ညစ်ညမ်းမှု တားဆီးရန် သို့မဟုတ် လျှော့ချရန် ဆောင်ရွက်မှုတို့တွင် အဓိကပြောင်းလဲခြင်း သို့မဟုတ် တိုးချဲ့ခြင်း သို့မဟုတ် ဒုတိယတိုးချဲ့ဆောင်ရွက်ရန် အဆိုပြုခြင်းဖြစ်ပါက စီမံကိန်းအဆိုပြုသူသည် သတ်မှတ်ထားသော အချိန်ဇယား

အတွင်း ပြောင်းလဲမှုများ၏ သတင်းအချက်အလက်များနှင့်အတူ ဝန်ကြီးဌာ-
သို့တင်ပြရမည်။

(၇) စီမံကိန်းဧရိယာအတွင်း မမျှော်လင့်သော ဘေးအန္တရာယ်များကြောင့်လည်းကောင်း၊ ပတ်ဝန်းကျင်နှင့် လူမှုရေးအခြေအနေပြောင်းလဲမှုများကြောင့်လည်းကောင်း၊ ဖြစ်ပေါ်လာနိုင်သည့် ထိခိုက်မှုများအပေါ် မူတည်၍သက်ဆိုင်ရာ ကဏ္ဍအလိုက် စီမံခန့်ခွဲမှုအစီအစဉ်များအား ဝန်ကြီးဌာနသို့ ပြန်လည်တင်ပြရမည်။

(၈) စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာ တင်ပြရာတွင် အောက်ပါအချက်များ ပြည့်စုံစွာ ပါဝင်တင်ပြရမည်-

(ကက) စည်းကမ်းချက်များအားလုံးကို လိုက်နာကြောင်း သက်သေခံစာရွက်စာတမ်းအထောက်အထားများ၊

(ခခ) ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း (IEE) အစီရင်ခံစာကို အကောင်အထည်ဖော်မှုအတွက် တင်ပြထားသည့် အကောင်အထည်ဖော်မှုဇယားအတိုင်း ဆောင်ရွက်ရာတွင် အစီရင်ခံသည့် အချိန်အထိ တိုးတက်မှု၊

(ဂဂ) ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း (IEE) အစီရင်ခံစာအားအကောင်အထည်ဖော်ရာတွင် တွေ့ကြုံရသော အခက်အခဲများ၊ ယင်းအခက်အခဲများကို ကုစားရန် အကြံပြုချက်များနှင့် အလားတူ အခက်အခဲများ၊ အနာဂတ်တွင် တွေ့ကြုံရနိုင်မှုကို တားဆီးကာကွယ်ရန် သို့မဟုတ် ရှောင်လွှဲရန် အဆိုပြုသည့် ဆောင်ရွက်မှုများ၊

(ဃဃ) ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း (IEE) အစီရင်ခံစာကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သည့်အကြိမ်နှင့် အမျိုးအစား၊ အဆိုပြုသည့်ကုစားမှု ဆောင်ရွက်ချက်များနှင့်ကုစားမှုပြီးမြောက်ရမည့် အချိန်သတ်မှတ်ချက်များ၊

(ငင) လုပ်ငန်းခွင်နှင့် လူမှုအဖွဲ့အစည်း၏ ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ပတ်ဝန်းကျင်နှင့်စပ်လျဉ်း၍ ဖြစ်ပွားသော မတော်တဆမှုများနှင့် ဖြစ်စဉ်ဖြစ်ရပ်များ၊

(စစ) ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာအရ သတ်မှတ်ထားသည့် သို့မဟုတ် အခြားလိုအပ်သည့် ပတ်ဝန်းကျင်ဆိုင်ရာ အတိုင်း

အတာနှင့် စည်းကမ်းချက်များဆိုင်ရာ အချက်အလက်များအား စောင့်ကြပ်ကြည့်ရှုမှု။

(ဇ) စီမံကိန်းအဆိုပြုသူသည် တည်ဆောက်ရေးအဆင့်လုပ်ငန်းများ ဆောင်ရွက်ပြီးနောက်တွင် စီမံကိန်း၏ လုပ်ငန်းခွင်ပြမြေပုံများ၊ လုပ်သားနေရာထိုင်ခင်း စီမံချက်များ၊ တည်ဆောက်ရေးလုပ်ငန်းကို ဤ ECC နှင့်အညီ ဆောင်ရွက်ခဲ့ကြောင်း အထောက်အထားများ ပါဝင်သည့် စီမံကိန်း၏ အပြီးသတ်လုပ်ငန်းအစီအစဉ်များကို ကနဦးတင်ပြမည့် စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်နှင့် ပူးတွဲ၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ တင်ပြရမည်။

(ဈ) **ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ စည်းကမ်းချက်များ။**

စီမံကိန်းဆောင်ရွက်မည့် နေရာဒေသများတွင် မြေပေါ်/မြေအောက်ရှိ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်နှင့် သက်ဆိုင်သည့် အထောက်အထားများ၊ ရှေးဟောင်းဝတ္ထုပစ္စည်းများ၊ ရှေးဟောင်းအဆောက်အအုံများတွေ့ရှိပါက ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသို့ ချက်ချင်းဆက်သွယ် သတင်းပို့ အကြောင်းကြားရမည်။

(ည) **လူမှုတာဝန်သိအစီအစဉ်ဆိုင်ရာ စည်းကမ်းချက်များ။** လူမှုတာဝန်သိအစီအစဉ်နှင့် စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများအား လက်ရှိ သို့မဟုတ် စီမံကိန်းမဆောင်ရွက်မီ ကာလထက် မနိမ့်ကျသောလူမှုစီးပွားရေး တည်ငြိမ်ခိုင်မာမှု ရရှိသည်အထိဆောင်ရွက်ပေးရန်နှင့် သက်မွေးဝမ်းကျောင်း လုပ်ငန်းများပြန်လည်တည်ထောင်ရေးနှင့် ပြန်လည်နေရာချထားရေး အစီအစဉ်များကို စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများ၊ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများ၊ အခြားသက်ဆိုင်သူများနှင့် တိုင်ပင်ဆွေးနွေး၍ လိုအပ်သလို ပံ့ပိုးနိုင်ရေးစီစဉ်ဆောင်ရွက်ရန်၊

(၂) ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ (Community Development Plan) ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဒေသရှိ ဌာနဆိုင်ရာများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း (Township Development Plans) များနှင့် ချိတ်ဆက်ဆောင်ရွက်ရန်နှင့် စီမံကိန်းအနီးရှိဒေသခံပြည်သူများ၊ ဆက်စပ်ပတ်သက်သူများနှင့် စဉ်ဆက်မပြတ် တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏ အကြံပြုချက်နှင့် လိုအပ်ချက်များအား အလေးထားပေါင်းစပ်ဆောင်ရွက်ရန်။

(၄) **အများပြည်သူသိရှိနိုင်ရေးဆိုင်ရာ စည်းကမ်းချက်များ။** စီမံကိန်းအဆိုပြုသူသည် အတည်ပြုထားသည့် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာကို စီမံကိန်းနှင့် ဆက်စပ်ပတ်သက်သူများနှင့် အများပြည်သူများသိရှိနိုင်ရေးအတွက် မြန်မာဘာသာဖြင့် ရေးသားဖော်ပြထားသော အကျဉ်းချုပ်အစီရင်ခံစာနှင့် လိုက်နာဆောင်ရွက်မည့် ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ ကတိကဝတ်များအား ဖြန့်ဝေအသိပေး ထုတ်ဖော်ကြေညာရမည်။

(၅) **စောင့်ကြပ်ကြည့်ရှုမှု အစီအစဉ်ဆိုင်ရာ စည်းကမ်းချက်များ။** စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စောင့်ကြပ်ကြည့်ရှုမည့်နယ်ပယ် (ရေ၊ လေ၊ ဆူညံသံ) များ၊ နည်းစနစ်များ၊ နမူနာစုဆောင်းခြင်းနှင့် ဓါတ်ခွဲစမ်းသပ်ခြင်း၊ စောင့်ကြပ်တိုင်းတာမည့်နေရာ၊ အကြိမ်အရေအတွက်၊ အချိန်ဇယားနှင့်မှတ်တမ်းတင်ခြင်းနှင့် အစီရင်ခံခြင်း စသည်တို့ကိုရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ (၆) လ(၁) ကြိမ်တင်ပြရန်နှင့်အများပြည်သူသိရှိစေရန် ဝန်ကြီးဌာနသို့တင်ပြသည့်နေ့ရက်မှ (၁၀) ရက်အတွင်းထုတ်ဖော်ကြေညာရန်၊

(၂) ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာတွင် သတ်မှတ်ဖော်ပြထားသော ကန်ထရိုက်တာနှင့် သက်ဆိုင်သည့် စည်းကမ်းချက်များကိုလည်းကောင်း၊ ကုစားပြင်ဆင်ရေးလုပ်ငန်းများ၊ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ လိုက်နာဆောင်ရွက်ရန်နှင့် စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်တွင် ဖော်ပြထားသည့် ကတိကဝတ်အတိုင်း လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(၃) အစီရင်ခံစာတွင်ဖော်ပြထားသော ပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံးဖြစ်စေရေး ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်များအတိုင်း အလေးထား လိုက်နာဆောင်ရွက်ရန်၊

(၄) စီမံကိန်းလုပ်ငန်း လည်ပတ်ဆောင်ရွက်နေစဉ်ကာလအတွင်း အနီးဝန်းကျင်ရှိ ရေ၊ လေ၊ မြေအရည်အသွေးအား စောင့်ကြပ်ကြည့်ရှုရန်နှင့် အနီးဝန်းကျင်ရှိ ဒေသခံများနှင့်ဝန်ထမ်းများအတွက် ကျန်းမာရေးစစ်ဆေးမှုများပြုလုပ်ဆောင်ရွက်ပေးရန်။

(၆) စီမံကိန်းအဆိုပြုသူသည် ဝန်ကြီးဌာနက စောင့်ကြပ်ကြည့်ရှုခြင်း၊ စစ်ဆေးခြင်းနှင့်စပ်လျဉ်း၍ တစ်ဖက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(ကက) စီမံကိန်းလုပ်ငန်းများ သို့မဟုတ် စီမံကိန်းနှင့် ဆက်စပ်သည့် လုပ်ငန်းများကို ဆောင်ရွက်နေသည့် စီမံကိန်းရုံး၊ စီမံကိန်းလုပ်ငန်းခွင်နေရာနှင့် အခြားမည်သည့်နေရာကိုမဆို ဝန်ကြီးဌာနမှ ဖြစ်စေ၊ ဝန်ကြီးဌာနအား ကိုယ်စားပြုသူများမှဖြစ်စေ စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းနှင့်စပ်လျဉ်း၍ ပုံမှန်အလုပ်ချိန်အတွင်း မည်သည့်အချိန်တွင်မဆို ဝင်ရောက်ကြည့်ရှုနိုင်ရေး ခွင့်ပြုရန်၊

(ခခ) အရေးပေါ်အခြေအနေတစ်ရပ် ဖြစ်ပေါ်လျှင်သော်လည်းကောင်း၊ စီမံကိန်းသည် သက်ဆိုင်ရာပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ သတ်မှတ်ချက်များအား ချိုးဖောက်သည် သို့မဟုတ် ချိုးဖောက်နိုင်ဖွယ်ရှိသည်ဟု ဝန်ကြီးဌာနက ထင်မြင်ယူဆလျှင်သော်လည်းကောင်း၊ ဝန်ကြီးဌာနက သတ်မှတ်သည့် မည်သည့်အချိန်တွင် မဆို စီမံကိန်းလုပ်ငန်းခွင်ရှိ မည်သည့်နေရာမဆို ချက်ချင်းဝင်ရောက်နိုင်ရေးခွင့်ပြုရန်၊

(ဂဂ) စီမံကိန်းအဆိုပြုသူသည် ဝန်ကြီးဌာနက စစ်ဆေးခြင်းကို ဆောင်ရွက်ရန် လိုအပ်သည့် ဓာတ်ပုံရိုက်ကူးခြင်း၊ အသံသွင်းခြင်း၊ ဗီဒီယိုရိုက်ကူးခြင်း၊ မြေသား၊ နုန်းအနည်အနှစ်၊ ရေနှင့် လေနမူနာများရယူခြင်းနှင့် ကွန်ပျူတာများ စစ်ဆေးခြင်း၊ ဒီဂျစ်တယ် စာတွဲများအပါအဝင် စာရွက်စာတမ်း အထောက်အထားများကို မိတ္တူကူးခြင်း၊ လူပုဂ္ဂိုလ်များကို တွေ့ဆုံမေးမြန်းခြင်းနှင့် လိုအပ် သည်ဟုယူဆသည့်အခြားစုံစမ်းစစ်ဆေးခြင်း အပါအဝင် မည်သည့် နည်းလမ်းဖြင့်မဆို စစ်ဆေးဆောင်ရွက်ခြင်းကို လိုက်နာ ဆောင်ရွက်ရန်၊

(ဃဃ) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်စစ်ဆေးသည့် ကုန်ကျစရိတ်များ၊ စစ်ဆေးသူများအတွက် ကုန်ကျစရိတ်များ ကျခံခြင်းနှင့် ပတ်သက်၍ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း အပိုဒ် ၁၁၂ နှင့်အညီ စီမံကိန်းအဆိုပြုသူမှ ကျခံရန်။

(၃) **ရန်ပုံငွေထားရှိမှုဆိုင်ရာစည်းကမ်းချက်များ ။** ရန်ပုံငွေထားရှိမှုဆိုင်ရာ စည်းကမ်းချက်များနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ထားရှိဆောင်ရွက်ရမည်-

(၁) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေများ၊ နည်းဥပဒေ (၂၉)၊ (၃၀)၊ (၃၁) အရ သဘာဝသယံဇာတများ ထုတ်ယူရောင်းဝယ်သုံးစွဲသည့်လုပ်ငန်းများမှ

အကျိုးအမြတ်၏ တစ်စိတ်တစ်ပိုင်းကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်း ရန်ပုံငွေသို့ ထည့်ဝင်ရန်၊

(၂) သတ္တုတွင်းပိတ်သိမ်းခြင်းကို မြန်မာ့သတ္တုတွင်းနည်းဥပဒေများ၊ နည်းဥပဒေ ၁၈၆ ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို လိုက်နာဆောင်ရွက်ရန်နှင့် မြန်မာ့သတ္တုတွင်း နည်းဥပဒေများ၊ နည်းဥပဒေ (၁၉၂) နှင့်အညီ ပြန်လည်ထူထောင်ခြင်း လုပ်ငန်းများအတွက် ရန်ပုံငွေထူထောင်ထားရန်၊

(၃) ဓာတ်သတ္တုခွင့်ပြုမိန့်ရရှိသူအနေဖြင့် ပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုများအပေါ် အရည်အသွေးထိန်းသိမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မြန်မာ့သတ္တုတွင်းနည်းဥပဒေများ နည်းဥပဒေ (၁၈၉)၊ (၁၉၀)၊ (၁၉၁)၊ (၁၉၂)၊ (၁၉၃) တို့နှင့်အညီ လိုက်နာဆောင်ရွက်ပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေး ရန်ပုံငွေ ထူထောင်ထားရှိရန်နှင့်လုပ်ငန်းများအတွက် ထည့်သွင်းဖော်ပြထားသည့် လျာထားအသုံးစရိတ်များနှင့်ပတ်သက်၍ သီးခြားငွေစာရင်းဖွင့်လှစ်ထားသော အထောက်အထားအချက်အလက်ဖြင့် ထည့်သွင်းဖော်ပြရန်။

## သက်သေခံလက်မှတ်ဆိုင်ရာ စည်းကမ်းချက်များ

၈။ သက်သေခံလက်မှတ်ဆိုင်ရာ စည်းကမ်းချက်များနှင့်ပတ်သက်၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သက်တမ်းသည် ထုတ်ပေးသည့်နေ့ရက်မှစ၍ (၅) နှစ် ဖြစ်သည်။ စီမံကိန်း အဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သက်တမ်း မကုန်ဆုံးမီ ၆ လ ကြိုတင်၍ သက်တမ်းတိုးရန် ဝန်ကြီးဌာနသို့ လျှောက်ထားရန်၊

(ခ) စီမံကိန်းအဆိုပြုသူသည် သက်သေခံလက်မှတ်ရရှိပြီး ပထမ ၂ နှစ်အတွင်း စီမံကိန်း၏ အကောင်အထည်ဖော်မှုကို စတင်ဆောင်ရွက်ရမည်။ ထိုသို့ဆောင်ရွက်ခြင်းကို စတင်ဆောင်ရွက်သည့်နေ့မှ ရက်ပေါင်း ၃၀ ထက် နောက်မကျစေဘဲ ဦးစီးဌာနသို့ စာဖြင့် သတင်းပို့အကြောင်းကြားရမည့်အပြင် စီမံကိန်းကို အကောင်အထည်ဖော်ရာတွင် ပါဝင်သော ဆောင်ရွက်မှုများကို သတ်မှတ်ဖော်ပြရန်၊

(ဂ) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းအကောင်အထည်ဖော်မှုကို မည်သည့်အတွက်ကြောင့် စတင်နိုင်ခြင်း မရှိကြောင်းနှင့် စတင်အကောင်အထည်ဖော်နိုင်ရန် အချိန်ကာလမည်မျှ လိုအပ်ကြောင်းကို အကျိုးအကြောင်းဖော်ပြ၍ ထိုလိုအပ်သည့်

ကာလအတွက် အချိန်တိုးပေးရန် တင်ပြချက်အရ ဝန်ကြီးဌာနက အချိန်တိုးပေးသည့် ကိစ္စမှတစ်ပါး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ရရှိပြီး ၂ နှစ်အတွင်း စီမံကိန်းကို ထိရောက်စွာ အကောင်အထည်ဖော်မှုအား စတင်ဆောင်ရွက်ခြင်းမပြုလျှင် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို အသစ်ပြုလုပ်တင်ပြရန်၊

(ဃ) စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အောက်ပါအချက်များ တွေ့ရှိရပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို ဝန်ကြီးဌာနမှ ပြင်ဆင်ခြင်း သို့မဟုတ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို ပြန်လည်ပြင်ဆင်စေပြီး တင်ပြရန် ညွှန်ကြားပါက စီမံကိန်းအဆိုပြုသူက လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းကြောင့် အမှန်တကယ်ထိခိုက်မှု သို့မဟုတ် ထိခိုက်နိုင်မှုများကို လျှော့ချရန် ဆောင်ရွက်မှုများသည် ပြည့်စုံမှုမရှိခြင်း သို့မဟုတ် လုံလောက်မှု မရှိခြင်း၊

(၂) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများသည် မည်ကဲ့သို့ ထိခိုက်မှုဖြစ်စေကြောင်း သို့မဟုတ် ဖြစ်စေနိုင်ကြောင်း သို့မဟုတ် ဖြစ်လာကြောင်း သိရှိနိုင်ရန် သတင်းအချက်အလက်သစ်များ ထွက်ပေါ်လာခြင်း၊

(၃) စီမံကိန်းသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို မူလအတည်ပြုခဲ့သည့် အချိန်မှ ကြိုတင်သိမြင်နိုင်ခြင်းမရှိသော ဆိုးကျိုးသက်ရောက်မှုများရှိခြင်း၊

(၄) စီမံကိန်း၏ဆိုးကျိုးသက်ရောက်မှုများသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်နှင့် စည်းကမ်းချက်များထုတ်ပေးခြင်း၊ ပြင်ဆင်ခြင်း၊ တင်သွင်းခြင်းနှင့် အတည်ပြုခြင်းများအတွက် အခြေခံအချက်များ ထုတ်ဖော်ခဲ့စဉ်က မျှော်မှန်းထားသည့် ထိခိုက်မှုထက် ပိုမိုကြီးမားခြင်း၊

(၅) အကောင်းဆုံးရရှိနိုင်သော နည်းလမ်း အဓိပ္ပာယ်ဖွင့်ဆိုချက်အရ စီမံကိန်း၏ ဆိုးကျိုး သက်ရောက်မှုကို ထူးခြားစွာ လျှော့ချနိုင်ခြင်း၊

(၆) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများကို စီမံကိန်းတွင် စီးပွားရေးအရ သိသိသာသာ အပိုကုန်ကျစရိတ် မဖြစ်စေဘဲ အလေ့အကျင့်ကောင်းများဖြင့် လျှော့ချနိုင်ခြင်း၊

(၇) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်တွင် သတ်မှတ်ထားသော နည်းလမ်းများ/ စည်းကမ်းချက်များသည်

ဆိုးကျိုးသက်ရောက်မှုများကို လျှော့ချရာတွင် မလိုအပ်တော့ဟု ဆုံးဖြတ်နိုင်ခြင်း။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးရန်ပုံငွေဆိုင်ရာ စည်းကမ်းချက်များ**

၉။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ရန်ပုံငွေနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ပတ်ဝန်းကျင်ထိန်းသိမ်းရေး နည်းဥပဒေများ၊ နည်းဥပဒေ ၃၀ နှင့်အညီ ညစ်ညမ်းမှု (ထုတ်လွှတ်မှု၊ စွန့်ပစ်ပစ္စည်း) ဖြစ်စေခြင်းအတွက် ပေးဆောင်ငွေများ၊ သယံဇာတအသုံးပြုမှုနှင့် ဂေဟစနစ်ဝန်ဆောင်မှုများမှ အကျိုးရရှိခြင်းအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ရန်ပုံငွေတွင် ပေးဆောင်ငွေများအဖြစ် ထည့်ဝင်ရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကော်မတီ၏ အတည်ပြုချက်ဖြင့် ဝန်ကြီးဌာနက သတ်မှတ်ပါက စီမံကိန်း အဆိုပြုသူမှ ငွေကြေးထည့်ဝင်ရန်၊

(ခ) စီမံကိန်းအဆိုပြုသူသည် မြန်မာ့သတ္တုတွင်း နည်းဥပဒေများ၊ နည်းဥပဒေများ ၁၉၂(က)အရ နိုင်ငံတော်ပိုင် ဘဏ်တစ်ခုခုတွင် ရန်ပုံငွေတစ်ရပ်ကို ထူထောင်ထားရှိရန်၊ ဝန်ကြီးဌာနသည် ပတ်ဝန်းကျင်နှင့် လူမှုစီးပွားထိခိုက်မှု သို့မဟုတ် ထိခိုက်ရန်အလားအလာရှိမှုများကို ကုစားပြင်ဆင်ရန် ချက်ချင်းဆောင်ရွက်သည့် လုပ်ငန်းများတွင် ထိုငွေရေးကြေးရေး အာမခံချက်ကိုအသုံးပြုရန်၊

(ဂ) စီမံကိန်းအဆိုပြုသူသည် ငွေရေးကြေးရေး အာမခံချက်များအားလုံးကို ဝန်ကြီးဌာနမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ အတည်ပြုချက်ဖြင့် သတ်မှတ်/ပြင်ဆင်တောင်းခံပါက ထည့်ဝင်ရန်။

**အထွေထွေစည်းကမ်းချက်များ**

၁၀။ စီမံကိန်းအဆိုပြုသူသည် စီမံကိန်းဒီဇိုင်းနှင့် စီမံကိန်းလုပ်ငန်းများကို ပြင်ဆင်ရန်ရှိပါက ဝန်ကြီးဌာနသို့ ကြိုတင်အသိပေးတင်ပြရမည်။

၁၁။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် လက်မှတ်ပါလုပ်ငန်းနှင့်သာ သက်ဆိုင်စေရမည်။

၁၂။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုရေးဆိုင်ရာ လိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး စီမံကိန်းလုပ်ငန်းဆောင်ရွက်ခွင့်ပြုမိန့်မှာ သက်ဆိုင်ရာဌာန၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံး လုပ်နည်း၊ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ရန်ဖြစ်သည်။ စီမံကိန်းသက်တမ်းအတွင်း စစ်ဆေးမှုပြုလုပ်ချိန်တွင် ခွင့်ပြုမိန့်စာရွက်စာတမ်း အထောက်အထားများအားလုံးကို တင်ပြရမည်။

၁၃။ စီမံကိန်းပိုင်ရှင်နှင့်အဆိုပြုထားသောလွှဲပြောင်းလက်ခံသူတို့၏ ပူးပေါင်းလျှောက်ထားချက်အရ ဤသက်သေခံလက်မှတ် သို့မဟုတ် ယင်း၏အစိတ်အပိုင်းတစ်ရပ်ရပ်ကို အဆိုပြုထားသောလွှဲပြောင်းလက်ခံသူထံ ဝန်ကြီးဌာန၏ ခွင့်ပြုချက်ရရှိပြီးမှသာ လွှဲပြောင်းရမည်။

၁၄။ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အပိုဒ် ၁၀၂ အရ စီမံကိန်းအဆိုပြုသူသည် မိမိကိုယ်တိုင်ကြောင့်ဖြစ်စေ မိမိကိုယ်စားဆောင်ရွက်ရန် ခန့်ထားခြင်း သို့မဟုတ် ငှားရမ်းခြင်း သို့မဟုတ် အခွင့်အာဏာပေးခြင်း ပြုထားသည့် ကန်ထရိုက်တာ၊ လက်ခွဲဆောင်ရွက်ပေးသူ ဆပ်ကန်ထရိုက်တာ၊ အရာရှိ၊ အလုပ်သမား၊ ကိုယ်စားလှယ် သို့မဟုတ် အတိုင်ပင်ခံများ၏ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့်ဖြစ်စေ ပေါ်ပေါက်သည့် ဆိုးကျိုးသက်ရောက်မှုများ အားလုံးတို့အတွက် တာဝန်ရှိသည်။

၁၅။ စီမံကိန်းအဆိုပြုသူသည် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာမှု မရှိပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူခြင်းခံရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
ပြည်ထောင်စုဝန်ကြီး၏ရုံး

စာအမှတ်၊ (သစ်တော)၃(၂)/၁၆(ဃ)(၂၁၅၈/ ၂၀၂၂)
ရက်စွဲ ၊ ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၆ ရက်

အကြောင်းအရာ။ နန်းကနောင်သတ္တုတူးဖော်ရေးနှင့်အင်ဂျင်နီယာလုပ်ငန်း ကုမ္ပဏီလီမိတက်မှ မြေဧရိယာ (၄၉) ဧကစီ ကျယ်ဝန်းသော လုပ်ကွက်(၅)ကွက်တွင် မင်းဂနီးစ်ဒိုင်အောက်ဆိုဒ်အလတ်စား တူးဖော်ခြင်းလုပ်ငန်းအတွက် ပြင်ဆင်တင်ပြလာသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (Environmental Management Plan-EMP) အပေါ် အတည်ပြုနိုင်ပါကြောင်း စိစစ်တင်ပြခြင်းကိစ္စ

ရည်ညွှန်းချက်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ ၂၈-၆-၂၀၂၂ ရက်စွဲပါစာအမှတ်၊ EIA-၂/၁၃/အတည်ပြု(EMP)(၁၁၅၆/၂၀၂၂)

၁။ နန်းကနောင်သတ္တုတူးဖော်ရေးနှင့်အင်ဂျင်နီယာလုပ်ငန်း ကုမ္ပဏီလီမိတက်မှ တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းခရိုင်၊ ဘုတ်ပြင်းမြို့နယ်၊ ပါဝယ်ကျွန်းဒေသ ခန့်မှန်းမြေပုံညွှန်း ၉၃ အိုင်/ ၇ နှင့် ၁၁ ယူဒီ (၄၃၃၃၄၈) မြေဧရိယာ (၄၉)ဧကစီ ကျယ်ဝန်းသော လုပ်ကွက် (၅)ကွက်တွင် မင်းဂနီးစ်ဒိုင်အောက်ဆိုဒ်အလတ်စား တူးဖော်ခြင်းလုပ်ငန်းအတွက် တင်ပြလာသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (Environmental Management Plan-EMP) သည် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့် ကိုက်ညီပါသဖြင့် အတည်ပြုနိုင်ပါကြောင်းနှင့် စီမံကိန်းအဆိုပြုသူမှ အလေးထားလိုက်နာရမည့် အချက်များအပြင် သစ်တောဦးစီးဌာနနှင့် သတ္တုတွင်းဦးစီးဌာနတို့မှ ထုတ်ပြန်ထားသော ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရန် လိုအပ်ပါကြောင်း ပြန်ကြားနိုင်ရေး ရည်ညွှန်းပါစာဖြင့် တင်ပြလာခြင်းအပေါ် ပြည်ထောင်စုဝန်ကြီး၏ မိန့်မှတ်ချက်အရ ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ပြန်ကြားရန် အကြောင်းကြားအပ်ပါသည်။

၂။ ထိုသို့ အတည်ပြုပြန်ကြားရာတွင် ပြည်ထောင်စုဝန်ကြီး၏ မိန့်မှတ်ချက်အရ " ပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍမှ သုံးသပ်ပြန်ကြားခြင်းဖြစ်ပါကြောင်းနှင့် လုပ်ငန်းဆောင်ရွက်ခွင့်ပြုမိန့်မှာ သက်ဆိုင်ရာဌာန၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း လမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်ဖြစ်ပါကြောင်း" စာသားအား ဖော်ပြပြန်ကြားရန်ဖြစ်ပါကြောင်း အကြောင်းကြားအပ်ပါသည်။

၆/၇/၂၀၂၂
ပြည်ထောင်စုဝန်ကြီး (ကိုယ်စား)
(လှိုင်မင်းမောင်၊ လက်ထောက်အတွင်းဝန်)

ညွှန်ကြားရေးမှူးချုပ်၊ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သတ္တုတွင်းဝန်ကြီးဌာန
## သတ္တုတွင်းဦးစီးဌာန
## ဓာတ်သတ္တုအသေးစား ထုတ်လုပ်ရန်ခွင့်ပြုမိန့်

ခွင့်ပြုမိန့်အမှတ်၊ ၀၀၄၅/ ၂၀၁၉ (သက်တမ်းတိုး) ရက်စွဲ၊ ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ... ရက်

အောက်ဖော်ပြပါ ပုဂ္ဂိုလ်/အဖွဲ့အစည်းအား မြန်မာ့သတ္တုတွင်းဥပဒေအရ အောက်ပါအချက်အလက်များနှင့်အညီ ဓာတ်သတ္တုအသေးစားထုတ်လုပ်ရန် ခွင့်ပြုလိုက်သည်-

၁။ ခွင့်ပြုမိန့်ရရှိသူ၏

(က) အမည်နှင့်နိုင်ငံသားစိစစ်ရေးကတ်ပြား အမှတ် -

(ခ) အဖွဲ့အစည်းအမည်နှင့် အဖွဲ့အစည်းမှတ်ပုံတင်အမှတ် - နန်းထက်နောင်သတ္တုတူးဖော်ရေးနှင့်အင်ဂျင်နီယာလုပ်ငန်းစုကုမ္ပဏီ လီမိတက်(၁၀၄၀/၂၀၀၈-၂၀၀၉)

(ဂ) ဆက်သွယ်ရန်နေရပ်လိပ်စာ တယ်လီဖုန်းအမှတ်၊ ဖက်(စ်)အမှတ်၊ အီလက်(စ်)အမှတ် - အမှတ်၆၉(ဇေ)၊တမ္ဗွေလမ်း၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး - ဖုန်း- ၀၁-၅၀၄၅၀၀၊ ၀၉-၅၁၀၈၉၀၆

၂။ ခွင့်ပြုဧရိယာ၏

(က) တည်နေရာ (ကျေးရွာ၊ မြို့နယ်၊ ခရိုင်၊ ပြည်နယ်/တိုင်းဒေသကြီး) - လုပ်ကွက်(၁)၊ ပါဝယ်ကျွန်းဒေသ၊ ဘုတ်ပြင်းမြို့နယ်၊ ကော့သောင်းခရိုင်၊ တနင်္သာရီတိုင်းဒေသကြီး

(ခ) အကျယ်အဝန်း (စတုရန်းကီလိုမီတာ) - ၄၉.၀၀ ဧက (၀.၁၉၈၃ စတုရန်းကီလိုမီတာ)

(ဂ) နယ်နိမိတ်သတ်မှတ်ချက် - မြေပုံညွှန်း၊ ၉၆တိုင်/၇+၁၁ယူဒီ(၄၃၃၃၄၈၊၄၃၅၃၅၁၊၄၃၈၃၄၈၊ ၄၃၆၃၄၆) (ယခင်ခွင့်ပြုမိန့်အမှတ်၀၀၄၅/၂၀၁၉တွင် ပူးတွဲပါ မြေပုံအကျယ်အဝန်းအတိုင်း)

၃။ ခွင့်ပြုဧရိယာ၏နယ်မြေ အုပ်ချုပ်မှုဆိုင်ရာအဖွဲ့အစည်း - ဘုတ်ပြင်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

၄။ တင်ဆင့်သွားလာဝင်ထွက်ခွင့် - ဘုတ်ပြင်းမြို့နယ်

၅။ ခွင့်ပြုသည့်ဓာတ်သတ္တုအမျိုးအစား - မင်းဝနီးစ်ဖိုင်အောက်ဆိုဒ်(ဖတ်မှတ်တွင်းထွက်တုန်ကြမ်း)

၆။ ခွင့်ပြုသည့်ဓာတ်သတ္တုတူးဖော်မှုနှင့် ဆင့်တက်ပြုပြင်မှုနည်းစနစ် - ယင်းလင်းဖွင့်တူးဖော်ခြင်း၊ မြေအောက်တူးဖော်ခြင်း၊ အမှတ်(၀)သတ္တုတွင်းလုပ်ငန်းမှ သဘောတူခွင့်ပြုသော နည်းစနစ်နှင့်နှင့် မြန်မာ့သတ္တုတွင်း ဥပဒေ ပုဒ်မ ၂(ည) ပါအတိုင်း

၇။ ခွင့်ပြုသက်တမ်းကာလ - စတုတ္ထအကြိမ်သက်တမ်းတိုး ( ၁ ) နှစ်

၈။ စတင်လုပ်ကိုင်ခွင့်ပြုသည့်ရက်စွဲ - ၁၉ - ၀၂ - ၂၀၁၅

၉။ ခွင့်ပြုမိန့်ကုန်ဆုံးသည့်ရက်စွဲ - ၁၈ - ၀၂ - ၂၀၁၆

၁၀။ ပုံသေမြေငှားရမ်းခ (Dead Rent) - တစ်စတုရန်းကီလိုမီတာလျှင်တစ်နှစ်(၂၀၀၀၀၀ကျပ်/)နှုန်း

၁၁။ ဓာတ်သတ္တုခွန် - ထုတ်လုပ်ရောင်းချသည့်ဓာတ်သတ္တုတန်ဖိုး၏ ၃%

၁၂။ စည်းကမ်းချက်များ - တစ်ဖက်ပါစည်းကမ်းချက်များအတိုင်းလိုက်နာရမည်။

ဝင်းထိန်
ညွှန်ကြားရေးမှူးချုပ်

ပုံစံ (၄)
ပူးတွဲ(၁)

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သတ္တုတွင်းဝန်ကြီးဌာန
## သတ္တုတွင်းဦးစီးဌာန
## ဓာတ်သတ္တုအသေးစား ထုတ်လုပ်ရန်ခွင့်ပြုမိန့်

ခွင့်ပြုမိန့်အမှတ်၊ ဝဝ၄၆/၂၀၀၉ (သက်တမ်းတိုး)　　　　ရက်စွဲ၊ ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ　ရက်

အောက်ဖော်ပြပါ ပုဂ္ဂိုလ်/အဖွဲ့အစည်းအား မြန်မာ့သတ္တုတွင်းဥပဒေအရ အောက်ပါအချက်အလက်များနှင့်အညီ ဓာတ်သတ္တုအသေးစားထုတ်လုပ်ရန် ခွင့်ပြုလိုက်သည်-

၁။ ခွင့်ပြုမိန့်ရရှိသူ၏
- (က) အမည်နှင့်နိုင်ငံသားစိစစ်ရေးကတ်ပြား အမှတ် -
- (ခ) အဖွဲ့အစည်းအမည်နှင့် - နန်းထနောင်သတ္တုတူးဖော်ရေးနှင့်အင်ဂျင်နီယာလုပ်ငန်းကုမ္ပဏီ
  အဖွဲ့အစည်းမှတ်ပုံတင်အမှတ် - လီမိတက်( ၁၁၄၀/၂၀၀၈-၂၀၀၉)
- (ဂ) ဆက်သွယ်ရန်နေရပ်လိပ်စာ - အမှတ်၆၉(ဓာ)၊ကမ္ဘာ့ဇလမ်း၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊
  တယ်လီဖုန်းအမှတ်၊ ဖက်(စ်)အမှတ်၊ - ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
  အီးမေးလ်(စ်)အမှတ် - ဖုန်း- ၀၁-၅၀၄၅၀၀၊ ၀၉-၅၁၁၈၉၁၆

၂။ ခွင့်ပြုဧရိယာ၏
- (က) တည်နေရာ (ကျေးရွာ၊ မြို့နယ်၊ ခရိုင်၊ ပြည်နယ်/တိုင်းဒေသကြီး) - လုပ်ကွက်(၂)၊ ပါဝယ်ကျွန်းဒေသ၊ ဘုတ်ပြင်းမြို့နယ်၊ ကော့သောင်းခရိုင်၊ တနင်္သာရီတိုင်းဒေသကြီး
- (ခ) အကျယ်အဝန်း (စတုရန်းကီလိုမီတာ) - ၄၉.၀၀ ဧက (၀.၁၉၈၃ စတုရန်းကီလိုမီတာ)
- (ဂ) နယ်နိမိတ်သတ်မှတ်ချက် - မြေပုံညွှန်း၊ ၉၆ဓိုင်/၇+၁၁ယူဒီ(၄၃၈၃၄၉၊၄၄၂၃၅၄၊၄၄၅၃၅၂၊ ၄၃၉၃၄၆) (ယခင်ခွင့်ပြုမိန့်အမှတ်၊၀၀၄၆/၂၀၀၉တွင် ပူးတွဲပါ မြေပုံ အကျယ်အဝန်း အတိုင်း)

၃။ ခွင့်ပြုဧရိယာ၏နယ်မြေ အုပ်ချုပ်မှုဆိုင်ရာအဖွဲ့အစည်း - ဘုတ်ပြင်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

၄။ တစ်ဆင့်သွားလာဝင်ထွက်ခွင့် - ဘုတ်ပြင်းမြို့နယ်

၅။ ခွင့်ပြုသည့်ဓာတ်သတ္တုအမျိုးအစား - မင်းဂနိစ်ပိုင်အောက်ဆိုဒ် (ဝတ်မှုတွင်းထွက်ကုန်ကြမ်း)

၆။ ခွင့်ပြုသည့်ဓာတ်သတ္တုတူးဖော်မှုနှင့် ဆင့်တက်ပြုပြင်မှုနည်းစနစ် - ဟင်းလင်းဖွင့်တူးဖော်ခြင်း၊ မြေအောက်တူးဖောက်ခြင်း၊ အမှတ်(၁)သတ္တုတွင်းလုပ်ငန်းမှ သဘောတူခွင့်ပြုသော နည်းစနစ်နှင့်နှင့် မြန်မာ့သတ္တုတွင်း ဥပဒေ ပုဒ်မ ၂(ည) ပါအတိုင်း

၇။ ခွင့်ပြုသက်တမ်းကာလ - စတုတ္ထအကြိမ်သက်တမ်းတိုး ( ၁ ) နှစ်

၈။ စတင်လုပ်ကိုင်ခွင့်ပြုသည့်ရက်စွဲ - ၀၉ - ၀၂ - ၂၀၁၅

၉။ ခွင့်ပြုမိန့်ကုန်ဆုံးသည့်ရက်စွဲ - ၀၈ - ၀၂ - ၂၀၁၆

၁၀။ ပုံသေမြေငှားရမ်းခ (Dead Rent) - တစ်စတုရန်းကီလိုမီတာလျှင်တစ်နှစ်(၂၀၀၀၀၀ကျပ်)နှုန်း

၁၁။ ဓာတ်သတ္တုခွန် - ထုတ်လုပ်ရောင်းချသည့်ဓာတ်သတ္တုတန်ဖိုး၏ ၃%

၁၂။ စည်းကမ်းချက်များ - တစ်ဖက်ပါစည်းကမ်းချက်များအတိုင်းတိကျစွာလိုက်နာရမည်။

ဝင်းထိန်
ညွှန်ကြားရေးမှူးချုပ်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သတ္တုတွင်းဝန်ကြီးဌာန
## သတ္တုတွင်းဦးစီးဌာန
## ဓာတ်သတ္တုအသေးစား ထုတ်လုပ်ရန်ခွင့်ပြုမိန့်

ရက်စွဲ၊ ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၊ ရက်

ခွင့်ပြုမိန့်အမှတ်၊ ၀၀၄၇/၂၀၀၉ (သက်တမ်းတိုး)

အောက်ဖော်ပြပါ ပုဂ္ဂိုလ်/အဖွဲ့အစည်းအား မြန်မာ့သတ္တုတွင်းဥပဒေအရ အောက်ပါအချက်အလက်များနှင့်အညီ ဓာတ်သတ္တုအသေးစားထုတ်လုပ်ရန် ခွင့်ပြုလိုက်သည်-

| | | |
|---|---|---|
| ၁။ | ခွင့်ပြုမိန့်ရရှိသူ၏ | |
| | (က) အမည်နှင့်နိုင်ငံသားစိစစ်ရေးကတ်ပြား အမှတ် | - |
| | (ခ) အဖွဲ့အစည်းအမည်နှင့် အဖွဲ့အစည်းမှတ်ပုံတင်အမှတ် | - နန်းကနောင်သတ္တုတူးဖော်ရေးနှင့်အင်ဂျင်နီယာလုပ်ငန်းကုမ္ပဏီ လီမိတက်( ၁၀၄၁/၂၀၀၈-၂၀၀၉) |
| | (ဂ) ဆက်သွယ်ရန်နေရပ်လိပ်စာ တယ်လီဖုန်းအမှတ်၊ ဖက်(စ်)အမှတ်၊ အီလက်(စ်)အမှတ် | - အမှတ်၆၉(ဇ)၊အပ္ပလာဝလမ်း၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး ဖုန်း- ၀၁-၅၀၄၅၀၀၊ ၀၉-၅၁၁၈၉၁၆ |
| ၂။ | ခွင့်ပြုမြေရိယာ၏ | |
| | (က) တည်နေရာ (ကျေးရွာ၊ မြို့နယ်၊ ခရိုင်၊ ပြည်နယ်/တိုင်းဒေသကြီး) | - လုပ်ကွက်(၃)၊ ပါဝယ်ကျွန်းဒေသ၊ ဘုတ်ပြင်းမြို့နယ်၊ ကော့သောင်းခရိုင်၊ တနင်္သာရီတိုင်းဒေသကြီး |
| | (ခ) အကျယ်အဝန်း (စတုရန်းကီလိုမီတာ) | - ၄၉.၀၀ ဧက (၀.၁၉၈၃ စတုရန်းကီလိုမီတာ) |
| | (ဂ) နယ်နိမိတ်သတ်မှတ်ချက် | - မြေပုံညွှန်း၊ ၉၆ဝတိုင်/၇+၁၁လူပီ(၄၃၆၃၅၀၊၄၄၁၃၅၂၊၄၄၃၃၅၃၊ ၄၃၉၃၄၈) (ယခင်ခွင့်ပြုမိန့်အမှတ်၊၀၀၄၇/၂၀၀၉တွင် ပူးတွဲပါ မြေပုံ အကျယ်အဝန်း အတိုင်း) |
| ၃။ | ခွင့်ပြုမြေရိယာ၏နယ်မြေ ကြပ်ချုပ်မှုဆိုင်ရာအဖွဲ့အစည်း | - ဘုတ်ပြင်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန - |
| ၄။ | တစ်ဆင့်သွားလာဝင်ထွက်ခွင့် | - ဘုတ်ပြင်းမြို့နယ် |
| ၅။ | ခွင့်ပြုသည့်ဓာတ်သတ္တုအမျိုးအစား | - မင်းဝနိုးစ်ဒိုင်အောက်ဆိုဒ်(ဝက်ပွတွင်းထွက်တုန်ကြမ်း) |
| ၆။ | ခွင့်ပြုသည့်ဓာတ်သတ္တုတူးဖော်မှုနှင့် ဆင့်တက်ပြုပြင်မှုနည်းစနစ် | - ဟင်းလင်းဖွင့်တူးဖော်ခြင်း၊ မြေအောက်တူးဖော်ခြင်း။ အမှတ်(၁)သတ္တုတွင်းလုပ်ငန်းမှ သဘောတူခွင့်ပြုသော နည်းစနစ်နှင့်နှင့် မြန်မာ့သတ္တုတွင်း ဥပဒေ ပုဒ်မ ၂(ည) ပါအတိုင်း |
| ၇။ | ခွင့်ပြုသက်တမ်းကာလ | - စတုတ္ထအကြိမ်သက်တမ်းတိုး ( ၁ ) နှစ် |
| ၈။ | စတင်လုပ်ကိုင်ခွင့်ပြုသည့်ရက်စွဲ | - ၁၉ - ၁၂ - ၂၀၁၅ |
| ၉။ | ခွင့်ပြုမိန့်ကုန်ဆုံးသည့်ရက်စွဲ | - ၁၈ - ၁၂ - ၂၀၁၆ |
| ၁၀။ | ပုံသေမြေငှားရမ်းခ (Dead Rent) | - တစ်စတုရန်းကီလိုမီတာလျှင်တစ်နှစ်(၂၀၀၀၀၀ဝိ/)နှုန်း |
| ၁၁။ | ဓာတ်သတ္တုခွန် | - ထုတ်လုပ်ရောင်းချသည့်ဓာတ်သတ္တုတန်ဖိုး၏ ၃% |
| ၁၂။ | စည်းကမ်းချက်များ | - တစ်ဖက်ပါစည်းကမ်းချက်များအတိုင်းတိကျစွာလိုက်နာရမည်။ |

ဝင်းထိန်
ညွှန်ကြားရေးမှူးချုပ်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သတ္တုတွင်းဝန်ကြီးဌာန
## သတ္တုတွင်းဦးစီးဌာန
## ဓာတ်သတ္တုအသေးစား ထုတ်လုပ်ရန်ခွင့်ပြုမိန့်

ခွင့်ပြုမိန့်အမှတ်၊ ၀၀၄၈/၂၀၀၉ (သက်တမ်းတိုး) ရက်စွဲ၊ ၂၀၀၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်

အောက်ဖော်ပြပါ ပုဂ္ဂိုလ်/အဖွဲ့အစည်းအား မြန်မာသတ္တုတွင်းဥပဒေအရ အောက်ပါအချက်အလက်များနှင့်အညီ ဓာတ်သတ္တုအသေးစားထုတ်လုပ်ရန် ခွင့်ပြုလိုက်သည်-

၁။ ခွင့်ပြုမိန့်ရရှိသူ၏

| | | | |
|---|---|---|---|
| (က) | အမည်နှင့်နိုင်ငံသားစိစစ်ရေးကတ်ပြား အမှတ် | - | |
| (ခ) | အဖွဲ့အစည်းအမည်နှင့် အဖွဲ့အစည်းမှတ်ပုံတင်အမှတ် | - | နန်းကနောင်သတ္တုတူးဖော်ရေးနှင့်အင်ဂျင်နီယာလုပ်ငန်းကုမ္ပဏီ လီမိတက်( ၁၀၅၁/၂၀၀၈-၂၀၀၉) |
| (ဂ) | ဆက်သွယ်ရန်နေရပ်လိပ်စာ တယ်လီဖုန်းအမှတ်၊ ဖက်(စ်)အမှတ်၊ အီလက်(စ်)အမှတ် | - | အမှတ်၆၉(အေ)၊အင်္ဂလာလမ်း၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး ဖုန်း- ၀၁-၅၀၄၅၀၀၊ ၀၉-၅၁၁၈၉၁၆ |

၂။ ခွင့်ပြုဧရိယာ၏

| | | | |
|---|---|---|---|
| (က) | တည်နေရာ (ကျေးရွာ၊ မြို့နယ်၊ ခရိုင်၊ ပြည်နယ်/တိုင်းဒေသကြီး) | - | လုပ်ကွက်(၄)၊ ပါဝယ်ကျွန်းဒေသ၊ ဘုတ်ပြင်းမြို့နယ်၊ ကော့သောင်းခရိုင်၊ တနင်္သာရီတိုင်းဒေသကြီး |
| (ခ) | အကျယ်အဝန်း (စတုရန်းကီလိုမီတာ) | - | ၄၉.၀၀ ဧက (၀.၁၉၈၃ စတုရန်းကီလိုမီတာ) |
| (ဂ) | နယ်နိမိတ်သတ်မှတ်ချက် | - | မြေပုံညွှန်း။ ၉၆တိုင်/၇+၁၁လုံးပါ(၄၃၀၃၅၁၊၄၃၃၃၅၄၊၄၃၆၃၅၂၊ ၄၃၃၃၄၈၊၄၃၄၃၄၇၊၄၃၃၃၄၆) (ယခင်ခွင့်ပြုမိန့်အမှတ်၊ ၀၀၄၈/၂၀၀၉တွင် ပူးတွဲပါ မြေပုံ အကျယ်အဝန်း အတိုင်း) |

| | | | |
|---|---|---|---|
| ၃။ | ခွင့်ပြုဧရိယာ၏နယ်မြေ အုပ်ချုပ်မှုဆိုင်ရာအဖွဲ့အစည်း | - | ဘုတ်ပြင်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန |
| ၄။ | တစ်ဆင့်သွားလာဝင်ထွက်ခွင့် | - | ဘုတ်ပြင်းမြို့နယ် |
| ၅။ | ခွင့်ပြုသည့်ဓာတ်သတ္တုအမျိုးအစား | - | ခဲမဖြူ၊ ဝုလ်ဖရမ်ပေါင်းဓာတ်သတ္တု (စက်မှုတွင်းထွက်တုန်ကြမ်း) |
| ၆။ | ခွင့်ပြုသည့်ဓာတ်သတ္တုတူးဖော်မှုနှင့် ဆင့်ကတ်ပြုပြင်မှုနည်းစနစ် | - | ဟင်းလင်းဖွင့်တူးဖော်ခြင်း၊ မြေအောက်တူးဖော်ခြင်း၊ အမှတ်(၁)သတ္တုတွင်းလုပ်ငန်းမှ သဘောတူခွင့်ပြုသော နည်းစနစ်နှင့်နှင့် မြန်မာသတ္တုတွင်း ဥပဒေ ပုဒ်မ ၂(ည) ပါအတိုင်း |
| ၇။ | ခွင့်ပြုသက်တမ်းကာလ | - | စတုတ္ထအကြိမ်သက်တမ်းတိုး ( ၁ ) နှစ် |
| ၈။ | စတင်လုပ်ကိုင်ခွင့်ပြုသည့်ရက်စွဲ | - | ၁၉ -၀၂-၂၀၀၅ |
| ၉။ | ခွင့်ပြုမိန့်ကုန်ဆုံးသည့်ရက်စွဲ | - | ၀၈ -၀၂-၂၀၀၆ |
| ၁၀။ | ပုံသေမြေငှားရမ်းခ (Dead Rent) | - | တစ်စတုရန်းကီလိုမီတာလျှင်တစ်နှစ်(၂၀၀၀၀၀ိ/-)နှုန်း |
| ၁၁။ | ဓာတ်သတ္တုခွန် | - | ထုတ်လုပ်ရောင်းချသည့်ဓာတ်သတ္တုတန်ဖိုး၏ ၃% |
| ၁၂။ | စည်းကမ်းချက်များ | - | တစ်ဖက်ပါစည်းကမ်းချက်များအတိုင်းလိုက်နာရမည်။ |

(ဝင်းထိန်)
ညွှန်ကြားရေးမှူးချုပ်

ပုံစံ (၇)
မှုတွဲ(၁)
၁/၃

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သတ္တုတွင်းဝန်ကြီးဌာန
## သတ္တုတွင်းဦးစီးဌာန
## ဓာတ်သတ္တုအသေးစား ထုတ်လုပ်ရန်ခွင့်ပြုမိန့်

ခွင့်ပြုမိန့်အမှတ် - ဓပ၄၉/၂၀၀၉ (သက်တမ်းတိုး) ရက်စွဲ၊ ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်

လျှောက်ထားပြုပါ ပုဂ္ဂိုလ်/အဖွဲ့အစည်းအား မြန်မာ့သတ္တုတွင်းဥပဒေအရ အောက်ပါအချက်အလက်များနှင့်အညီ ဓာတ်သတ္တုအသေးစားထုတ်လုပ်ရန် ခွင့်ပြုလိုက်သည်-

| | | | |
|---|---|---|---|
| ၁။ | | ခွင့်ပြုမိန့်ရရှိသူ၏ | |
| | (က) | အမည်နှင့်နိုင်ငံသားစိစစ်ရေးကတ်ပြား အမှတ် | - |
| | (ခ) | အဖွဲ့အစည်းအမည်နှင့် အဖွဲ့အစည်းမှတ်ပုံတင်အမှတ် | - နန်းကဖနွှာပ်သတ္တုတူးဖော်ရေးနှင့်တင်ပို့ရောင်းဝယ်ရေးလုပ်ငန်းကုမ္ပဏီ လီမိတက် (၁၁၄၁/၂၀၀၈-၂၀၀၉) |
| | (ဂ) | ဆက်သွယ်ရန်နေရပ်လိပ်စာ ဆယ်လီဖုန်းအမှတ်/ဖက်(စ်)အမှတ် အီးမေးလ်(စ်)အမှတ် | - အမှတ်၆၉(ဗ)၊ ကမ္ဘာအေးလမ်း၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၁-၅၀၄၅၀၀၊ ၀၉-၅၁၁၈၉၁၆ |
| ၂။ | | ခွင့်ပြုချက်ရရှိသည့် | |
| | (က) | တည်နေရာ (ကျေးရွာ၊ မြို့နယ်၊ ခရိုင်၊ ပြည်နယ်/တိုင်းဒေသကြီး) | - လုပ်ကွက်(၅) ပါဝယ်ကျွန်းဒေသ၊ ဘုတ်ပြင်းမြို့နယ်၊ ကော့သောင်းခရိုင်၊ တနင်္သာရီတိုင်းဒေသကြီး |
| | (ခ) | အကျယ်အဝန်း (ဧက/စတုရန်းကီလိုမီတာ) | - ၄၉.၀၀ ဧက (၀.၁၉၈၃ စတုရန်းကီလိုမီတာ) |
| | (ဂ) | မြေပုံညွှန်းနှင့်သတ်မှတ်ချက် | - မြေပုံညွှန်း၊ ၉၆ဖိုင်/၅ ၁၁လုပ်စ (၄၃၃၄၅၆၊ ၄၃၃၉၃၆၊ ၄၃၄၃၅၄) (ယခင်ခွင့်ပြုမိန့်အမှတ်၊ ဓပ၄၉/၂၀၀၉တွင် ပူးတွဲပါ မြေပုံ အကျယ်အဝန်း၊ အတိုင်း) |
| ၃။ | | ခွင့်ပြုချက်ရရှိသည့်နယ်မြေ ကွပ်ကဲမှုဆိုင်ရာအဖွဲ့အစည်း | - ဘုတ်ပြင်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန |
| ၄။ | | တစ်ဆင့်သွားလာဝင်ထွက်ခွင့် | - ဘုတ်ပြင်းမြို့နယ် |
| ၅။ | | ခွင့်ပြုသည့်ဓာတ်သတ္တုအမျိုးအစား | - မင်းဂနိစ်ဒိုင်အောက်ဆိုဒ် (ဝတ်ပွတင်းထွက်တုန်ဖြစ်) |
| ၆။ | | ခွင့်ပြုသည့်ဓာတ်သတ္တုတူးဖော်မှုနှင့် ဆက်စပ်ပတ်သက်သည့်နည်းစနစ် | - ဟင်းလင်းဖွင့်တူးဖော်ခြင်း၊ မြေအောက်တူးဖော်ခြင်း၊ အပိုဒ်(၁) သတ္တုတွင်းလုပ်ငန်းမှ သဲသောဘာတူခွင့်ပြုသော နည်းစနစ်နှင့်အညီ မြန်မာ့သတ္တုတွင်း ဥပဒေ ပုဒ်မ ၂(ည) ပါအတိုင်း |
| ၇။ | | ခွင့်ပြုသက်တမ်းကာလ | - ဝတ္တုထွက်ကြိမ်သက်တမ်းတိုး (၁) နှစ် |
| ၈။ | | စတင်လုပ်ကိုင်ခွင့်ပြုသည့်ရက်စွဲ | - ၀၉-၀၂-၂၀၁၅ |
| ၉။ | | ခွင့်ပြုမိန့်ကုန်ဆုံးသည့်ရက်စွဲ | - ၀၈-၀၂-၂၀၁၆ |
| ၁၀။ | | ပိုင်နက်မြေငှားရမ်းခ (Dead Rent) | - တစ်စတုရန်းကီလိုမီတာလျှင်တစ်နှစ် (၂၀၀၀၀၀ကျပ်) နှုန်း |
| ၁၁။ | | ဓာတ်သတ္တုခွန် | - ထုတ်လုပ်ရောင်းချသည့်ဓာတ်သတ္တုတန်ဖိုး၏ ၃% |
| ၁၂။ | | စည်းကမ်းချက်များ | - တွဲဖက်ပါစည်းကမ်းချက်များအတိုင်း လိုက်နာဆောင်ရွက်ရမည်။ |

[illegible]
[illegible]
သာကွင်း၊ ပေယာဉ်ရှုက်ရှိုးဖြစ်သည်။

ဝင်းသိန်း
ညွှန်ကြားရေးမှူးချုပ်